# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၂.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ၎င်းအတိုင်း။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်-မိုင်းဆတ်- မိုင်းတုံကားလမ်းမှ မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ် - မိုင်းတုံ ကားလမ်းအပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ကျော် က ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်-မိုင်းဆတ်- မိုင်းတုံကားလမ်းမှ မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ် - မိုင်းတုံ ကားလမ်းအပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဗိုလ်မှူးချုပ်အောင်ကျော်၊ (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ

ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်-မိုင်းဆတ်-မိုင်းတုံကားလမ်းမှ မိုင်းဆတ်ခရိုင်အတွင်းမှာရှိတဲ့ မိုင်းဆတ်-မိုင်းတုံကားလမ်း အပိုင်းကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့ ပတ်သက်ပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လမ်းကြောင်းပြမြေပုံနဲ့ လမ်းအခြေအနေတွေကို Power Point ဖြင့် တင်ပြခွင့် ပြုပါခင်ဗျား။ တာချီလိတ်မြို့ဟာ ရှမ်းပြည်နယ်ရဲ့ အရှေ့ပိုင်းမှာ ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ရာ တစ်ခုတည်းသော နယ်စပ်ကုန်သွယ်ရာ မြို့ တစ်မြို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာရှိတဲ့ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ ဟုန်ပါချင် မြို့နယ်ခွဲ၊ မုံးထမြို့နယ်ခွဲနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ လင်းခေးမြို့နယ်၊ မိုင်းပန်မြို့နယ်တွေဟာ ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ဖို့အတွက် နယ်စပ်ကုန်သွယ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့ကို ဆက်သွယ်သွားလာ ရာမှာ မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်ကားလမ်းကို အသုံးပြုပြီး ဆက်သွယ်သွားလာနေရပါတယ်။ တာချီလိတ်-မိုင်းဆတ်-မိုင်းတုံကားလမ်းမှာ တာချီလိတ်-မိုင်းဆတ် ကားလမ်းအပိုင်းကို သော်တာဝင်း ကုမ္ပဏီက တာဝန်ယူပြီးတော့ ကျောက်ချောလမ်းအဖြစ်နဲ့ ဖောက်လုပ်ပေးထားပါတယ်။ မိုင်းဆတ်-မိုင်းတုံကားလမ်း(၄၂)မိုင်ကိုတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေပြီးတော့ တာဝန်ယူ ထိန်းသိမ်း ထားပါတယ်။ မိုင်းဆတ်-မိုင်းတုံကားလမ်း (၄၂)မိုင်မှာ ကတ္တရာလမ်း (၁)မိုင်(၆)ဖာလုံခွဲ၊ အမာခံလမ်း (၆)မိုင် (၄)ဖာလုံနဲ့ မြေသားလမ်း(၃၃)မိုင်(၅)ဖာလုံခွဲ ရှိပါတယ်။ မိုင်းဆတ်-မိုင်းတုံကား လမ်း(၄၂)မိုင်နဲ့ မြေသားလမ်း(၃၃)မိုင် (၅)ဖာလုံခွဲဟာ နွေရာသီမှာ သွားလာရလွယ်ကူပေမယ့် မိုးရာသီမှာ လမ်းပျက်စီး မှုတွေကြောင့် သွားလာရ ခက်ခဲပါတယ်။ သွားလာရခက်ခဲခြင်းဟာ သယ်ယူပို့ဆောင်ရေးစရိတ်ကို ကြီးမြင့်စေပါတယ်။ ဒီလိုသွားလာရခက်ခဲတဲ့အတွက် ဒေသထွက်ကုန်တွေကို တာချီလိတ်မြို့ကတစ်ဆင့် တစ်ဘက်နိုင်ငံကို တင်ပို့ရာမှာဖြစ်စေ၊ တစ်ဘက်နိုင်ငံက ကုန်ပစ္စည်းတွေကို သယ်ယူရာမှာဖြစ်စေ သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်မှုတွေကြောင့် ပို့ကုန်တွေအတွက် အကျိုးအမြတ်ရရှိမှု နည်းပါးသလို၊ သွင်းကုန်ပစ္စည်းတွေအတွက်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှု ဖြစ်ပေါ်စေပါတယ်။

ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှသာ ဒေသခံပြည်သူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေလည်း တိုးတက်လာမှာ ဖြစ်ပြီးတော့ ဆင်းရဲမှုကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်တွေမှာ ရှမ်း၊ အခါနဲ့ လားဟူတိုင်းရင်းသားတွေ အများဆုံး နေထိုင်ကြပါတယ်။ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်ကောင်းမွန်လာတာနဲ့အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းတွေ တိုးတက်ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ မိုင်းဆတ်-မိုင်းတုံကားလမ်းကို အဆင့်မြှင့်တင်ပေးခြင်းအားဖြင့် မိုင်းဆတ်မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း(၈)ခုက ဒေသခံပြည်သူ (၈၀၉၀၀)ကျော်၊ မိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက် ကျေးရွာအုပ်စု(၁၄)ခုက ဒေသခံပြည်သူ (၅၄၀၀၀)ကျော်တို့ရဲ့ လူမှုစီးပွားရေးဘဝတွေကို ဖွံ့ဖြိုး တိုးတက်စေမှာဖြစ်တဲ့ မိုင်းဆတ်-မိုင်းတုံကားလမ်းကို အသုံးပြုသွားလာနေတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း

မှာရှိတဲ့ လင်းခေးမြို့နယ်နဲ့ မိုင်းပန်မြို့နယ်တွေမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို လည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တစ်ဘက်နိုင်ငံနဲ့ ကုန်သွယ်ရာမှာ အဓိကလမ်းကြောင်းဖြစ်တဲ့ တာချီလိတ်-မိုင်းဆတ်-မိုင်းတုံ ကားလမ်းမှ မိုင်းဆတ်-မိုင်းတုံလမ်းအပိုင်းကို အဆင့်မြှင့်တင်ပေးဖို့ အစီအစဉ်ရှိ၊ မရှိနဲ့ အစီအစဉ်ရှိမယ်ဆိုလို့ရှိရင် မည်သည့်ဘဏ္ဍာရေးနှစ်ကစပြီး မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။







**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လိုအပ်သော အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လိုအပ်သော အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်မှူးမျိုးထွန်းအောင် (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်ဆရာကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၃၁၄ ဗိုလ်မှူး မျိုးထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို မေးမြန်းသွားမယ့် မေးခွန်းကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လိုအပ်တဲ့ အဆင့်မြှင့်တင်မှု များပြုလုပ်သွားရန် အစီအစဉ် ရှိ၊ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ အဆင့်မြှင့်တင် ပြုပြင်နိုင်ရေးအတွက် (၉၂.၇)ဘီလီယံ တင်ပြ တောင်းခံခဲ့ပါတယ် ခင်ဗျား။ ဒီလို တင်ပြတောင်းခံခဲ့ရမှာ ပြည်ထောင်စုလွှတ်တော်က (၂၅) ဘီလီယံ

ခွင့်ပြုပေးခဲ့ပါတယ် ခင်ဗျား။ ဒီအမြန်လမ်းမကြီးကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်တင်ပြုပြင်မယ်ဆိုလို့ရှိရင် ဘီလီယံပေါင်းများစွာ လိုအပ်မှာ ဖြစ်ပါတယ် ခင်ဗျား။ ဒါ ကျွန်တော်တို့ နိုင်ငံတကာ အကူအညီအထောက်အပံ့နဲ့ ဒီသက်သာတဲ့ချေးငွေ လုံလောက်စွာ ရရှိမယ်ဆိုလို့ရှိရင်တော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေပြီးတော့ ကျခံသုံးစွဲရတာ လျော့နည်းနိုင်ပေမယ်လို့ ဒါ ကျွန်တော်တို့ နိုင်ငံတကာအကူအညီနဲ့ ချေးငွေလုံလောက်စွာ မရရှိတဲ့အခါမှာတော့ ဒီပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကနေပြီးတော့ နှစ်စဉ် အချိုးကျ တင်ပြတောင်းခံသွားရန် လိုအပ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီ ကျွန်တော်တို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဟာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး အသုံးပြုသွားလာနေတဲ့ လမ်းမကြီး ဖြစ်ပါတယ်။ ဒီလိုသွားလာတဲ့အခါမှာ ကျွန်တော်တို့ ဒါ အသုံးပြုသူ ယာဉ်မောင်းကြောင့်သော်လည်းကောင်း၊ ကျွန်တော်တို့ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်၍ သော်လည်းကောင်း၊ ကျွန်တော်တို့ အသုံးပြုတဲ့ယာဉ်၏ ကြံ့ခိုင်မှုကြောင့်သော်လည်းကောင်း၊ အမြန်လမ်းမကြီးရဲ့ ချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ ရာသီဥတု အခြေအနေအရသော်လည်းကောင်း၊ ကျွန်တော်တို့ အမြန်လမ်းကြီးရဲ့ ဘေးဝဲ/ယာမှာရှိတဲ့ ကျေးရွာနေလူထုပြည်သူလူထုကနေပြီးတော့ ဒါ မော်တော်ဆိုင်ကယ် သို့မဟုတ် ခြေလျင် ဖြတ်သန်း သွားလာမှုကြောင့်သော်လည်းကောင်း၊ ကျွန်တော်တို့ ဒီ အိမ်မွေးတိရစ္ဆာန်တွေ၊ လုပ်ငန်းသုံး ကျွဲ၊ နွားများ ဖြတ်သန်းသွားလာမှုကြောင့်သော်လည်းကောင်း၊ ကျွန်တော်တို့ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀-၅-၂၀၁၂ ရက်ကနေပြီးတော့ ၃၁-၁၂-၂၀၁၂ ရက်နေ့အထိ ဖြစ်ပွားမှုပေါင်း (၁၀၃)မှု၊ သေဆုံးမှုပေါင်း (၅၇)ဦး ရှိပြီးတော့ ၊ ဒဏ်ရာရရှိသူပေါင်း(၁၈၆)ဦး ရှိတဲ့အတွက် တစ်လပျမ်းမျှ(၇)ဦး သေဆုံးပြီးတော့ (၂၃)ဦး ဒဏ်ရာရရှိခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ ၁-၁-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ ဖြစ်ပွားမှုပေါင်း (၂၅၉)မှု၊ သေဆုံးသူပေါင်း (၁၁၃)ဦးရှိပြီးတော့ ဒဏ်ရာရရှိသူပေါင်း (၆၂၂)ဦး ရှိတဲ့အတွက် တစ်လပျမ်းမျှ (၉)ဦး သေဆုံးပြီးတော့၊ (၅၂)ဦး ဒဏ်ရာရရှိခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

နောက် ၁-၁-၂၀၁၄ ရက်ကနေပြီးတော့ ၃၀-၆-၂၀၁၄ ရက်နေ့အထိ ဖြစ်ပွားမှုပေါင်းဟာ ကျွန်တော်တို့ (၂၃၆)မှု၊ သေဆုံးသူပေါင်း (၉၃)ဦး ရှိပြီးတော့ ဒဏ်ရာရရှိသူပေါင်း (၄၃၈)ဦး ရှိတဲ့အတွက် တစ်လပျမ်းမျှ (၁၅)ဦး သေဆုံးပြီးတော့ (၇၃)ဦး ဒဏ်ရာရရှိခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀-၅-၂၀၁၂ ရက်ကနေတော့ ၃၀-၆-၂၀၁၄ ရက်နေ့အထိ ဖြစ်ပွားမှုပေါင်း (၆၀၈)မှု ရှိပြီးတော့၊ သေဆုံးသူပေါင်း (၂၆၃)ဦး ရှိပြီးတော့၊ ဒဏ်ရာရရှိသူပေါင်း (၁၂၄၆)ဦး ရှိတဲ့အတွက် ကျွန်တော်တို့ အမြန်လမ်းမကြီးကို နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့အညီ အဆင့်မြှင့်တင် ပြုပြင်ပေးဖို့ လိုအပ်လျက်ရှိတဲ့အတွက် ဒီမေးခွန်းကို ကျွန်တော်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဒီအမြန်လမ်းမကြီးကို ဒါကြောင့်မို့လို့ လိုအပ်တဲ့နေရာတွေမှာ ဒါကျွန်တော်တို့ သွပ်ဆူးကြိုးများ ကာရံခြင်းလုပ်ငန်း၊ ကျွန်တော်တို့ Box Culvert ရေပြွန်များ ပြုလုပ်ပေးခြင်းနဲ့ ဒီ လမ်းဘေးဝဲ/ယာမှာရှိတဲ့ ကျေးရွာနေပြည်သူများ အသုံးပြုနိုင်ရန်အတွက် ဒီ Underpass ဥမင်လမ်း

များ၊ ဒါ Bypass ဖြတ်လမ်းများ ပြုလုပ်ပေးခြင်းနဲ့ နိုင်လွန်ကတ္တရာခင်းခြင်းကို ကျွန်တော်တို့ (၃၆၆)မိုင် (၃)ဖာလုံ အပြည့်ခင်းပေးရန်အတွက် လိုအပ်လျက်ရှိပါတယ် ခင်ဗျား။ ကျွန်တော်တို့ နောက်တစ်ခု ကတော့ ရေရဲ့ ဟန်ချက်ချို့ယွင်းနိုင်တဲ့ ကျွန်တော်တို့ အကွေ့နေရာတွေမှာ Centrifugal Force ဆိုတဲ့ ကျွန်တော်တို့ ဒီ ဗဟိုကွာအားအရ စက်ဝိုင်းရဲ့အနားသတ်မျဉ်းမှာ မောင်းနေတဲ့ အနေအထားမျိုး ဖြစ်တဲ့အခါမျိုးမှာ ယာဉ်ရဲ့ဟန်ချက် ချို့ယွင်းနိုင်ပါတယ်ခင်ဗျား။ အဲဒီနေရာတွေမှာ Super Elevation မှန်ကန်ဖို့အတွက် စစ်ဆေးပြီးတော့ ပြုပြင်ပေးရန်လည်း လိုအပ်လျက်ရှိပါတယ် ခင်ဗျား။ နောက်တစ်ခု ကျွန်တော်တို့ မိုးရာသီ ရေဝပ်နိုင်တဲ့နေရာတွေကိုလည်း ဒါစစ်ဆေးပြီးတော့ ပြုပြင်ပေးရန် လိုအပ်လျက် ရှိပါတယ်ခင်ဗျား။ နောက် ညအချိန် အသုံးပြုသွားလာ နေသူများအတွက် ဒီ Solar မီးတွေ၊ လမ်းမီးတွေ၊ နောက် အချက်ပြ ကျွန်တော်တို့ ဒီ ဆိုင်းဘုတ်တွေကို လုံလောက်စွာ ပြုလုပ်ပေးရန်လည်း လိုအပ်လျက် ရှိပါတယ်ခင်ဗျား။

ဒါကြောင့်မိုလို့ ကျွန်တော်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လမ်းလယ်ကျွန်းရဲ့ တစ်ဘက်တစ်ချက်မှာ (ဘယ်ရီယာ)တုံးများ မရှိတဲ့ အမြန်လမ်းမကြီး တစ်နေရာကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမြန်လမ်းမကြီးပေါ်မှာ ကွဲအက် နေတဲ့ တစ်နေရာကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၂-၃-၂၀၁၄ ရက်နေ့က (ဘယ်ရီယာ)တုံးများ မရှိတဲ့အတွက် ဒီ အရှိန်လွန်မောင်းနှင်လာတဲ့ ယာဉ်တစ်စီးဟာ လမ်းလယ်ကျွန်း ပေါ်ကို ရောက်ရှိသွားတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ဆိုင်ကယ်တစ်စီး အမြန်လမ်းမ ပေါ်မှာ မောင်းနှင်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ နောက်ထပ်တစ်စီးဆိုင်ကယ် ဒါ အမြန်လမ်းမကြီးပေါ် တက်မောင်းနေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ယာဉ်စည်းကမ်းချိုးဖောက်မှု ဖြစ်ပါတယ်။ တစ်လမ်းသွား အမြန်လမ်းမကြီးမှာ မျက်နှာချင်းဆိုင် မောင်းနှင်လာတဲ့ Light Truck ယာဉ်တစ်စီးကို တင်ပြထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါ ကျွန်တော်တို့ ကျေးရွာနေပြည်သူများရဲ့ နွားလှည်းအုပ်စု ဖြတ်သန်းမောင်းနှင်သွားတာကို တွေ့ရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ (၂၀၂)မိုင် Toll Gate နားက ဒီ နေပြည်တော်လမ်းခွဲနားမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၃-၇-၂၀၁၄ ရက်နေ့က ကျွဲကျောင်းထားပြီးတော့ အဲဒီ ကျွဲတစ်ကောင်က လမ်းလယ်ခေါင်တည့်တည့် ရောက်ရှိနေတဲ့ပုံကို တင်ပြထားတာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဥပမာတစ်ခုအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ မိုင်တိုင်(၁၅၀)မှာ ဒီ ကျွန်တော်တို့ လမ်းရဲ့ ညာဘက်ဘေးမှာ ဒါ ကျွန်တော်တို့ ရန်ကုန်-မန္တလေးဆိုရင် ရန်ကုန်ဘက်အခြမ်းကလာလို့ရှိရင် လမ်းရဲ့ ညာဘက်ဘေးမှာ ရွာတစ်ရွာရှိပါတယ်ခင်ဗျား။ အဲဒီရွာမှာ ရွာနဲ့လမ်းမကြီးရဲ့ ကြားထဲမှာ ခြံစည်းရိုး၊ သွပ်ဆူးကြိုးကာရံထားခြင်း မရှိတာကို ဥပမာတစ်ခု အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြသွားမယ့် မေးခွန်း(၄)ခုကတော့ (၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရရှိခဲ့တဲ့ (၂၅)ဘီလီယံမှာ ဒါ ကျွန်တော်တို့ လုပ်ငန်း(၃)ခုရှိပါတယ်။ အဲဒီ့လုပ်ငန်းတွေရဲ့ တစ်ခုချင်းအလိုက် ပြီးစီးမှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အကုန်မှာ တင်ပြသွားရန် အစီအစဉ်ရှိ/မရှိ။ ဒါကျွန်တော်တို့ မေးခွန်း(၂)ကတော့ ဒီ ၂၀၁၄-၂၀၁၅ နောက်ထပ် ကျွန်တော်တို့ ရန်ပုံငွေ လျာထားတင်ပြ တောင်းခံထားခြင်း ရှိ/မရှိနဲ့ တကယ်လို့ တင်ပြတောင်းခံထားခြင်း မရှိလို့ရှိရင် အထက်ပါ ကျွန်တော်ရဲ့ တင်ပြချက်များကြောင့် ဒါ

ကျွန်တော်တို့ နောက်ထပ်ဖြည့်စွက်ရန်ပုံငွေမှာ ၂၀၁၄-၂၀၁၅ မှာ တင်ပြ တောင်းခံသွားရန် အစီအစဉ် ရှိ၊ မရှိနဲ့ မေးခွန်း(၄)ကတော့ ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေစပြီးတော့ နှစ်စဉ်ကျွန်တော်တို့ နှစ်အလိုက်ရန်ပုံငွေများစွာ ကုန်ကျမှာဖြစ်တဲ့အတွက် တကယ်လို့များ နိုင်ငံတကာအကူအညီနဲ့ ကျွန်တော်တို့ ချေးငွေလုံလောက်စွာ မရရှိခဲ့လို့ရှိရင် နှစ်စဉ်တင်ပြသွားရမှာ ဖြစ်တဲ့အတွက် ဒီ နှစ်စဉ် တင်ပြ တောင်းခံသွားရန် အစီအစဉ် ရှိ၊ မရှိတို့ကို ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

နောက်တစ်ခု ကျွန်တော်တို့ မေးခွန်းနံပါတ်(၁)နဲ့ ဆက်စပ်အနေနဲ့ကတော့ ဒါကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရရှိခဲ့တဲ့ (၂၅)ဘီလီယံကို ဒါ အဓိကပြုလုပ်သွားမယ်ဆိုပြီးတော့ ဒါ လုပ်ငန်းကြီး(၃)ခုရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပထမဆုံးလုပ်ငန်းကြီးကတော့ (၁) မတော်တဆမှုများ ကာကွယ်ရန်အတွက် လမ်းလယ်ကျွန်းများမှာ (ဘယ်ရီယာ)တုံးများ တပ်ဆင်ခြင်းလုပ်ငန်း၊ (၂) အဲဒီတုန်းက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ ဒါ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး(၁၅)ရက်မြောက်နေ့မှာ ဒါ ကျွန်တော်တို့ အန္တရာယ်ဖြစ်စေနိုင်တဲ့ နေရာတွေမှာ အမြန်လမ်းမကြီးရဲ့ ဘေးဝဲ/ယာမှာ ရှိတဲ့ ကျေးရွာတွေနဲ့ Underpassတွေကို ဆက်သွယ်တဲ့လမ်းတွေကို ဆောင်ရွက်ပေးဖို့အတွက် ဒါ ကျွန်တော်တို့ ညွှန်ကြားခဲ့တဲ့ လုပ်ငန်းတစ်ခု။ နောက် (၃) ကတော့ ဒီကျေးရွာကနေပြီး တော့ ကျွဲတွေ၊ နွားတွေ နောက် အိမ်မွေးတိရစ္ဆာန်တွေ တက်ရောက်လာတဲ့အတွက် အန္တရာယ် မဖြစ်စေရန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒီ လုပ်ငန်းတွေရဲ့ ပြီးစီးမှုကို ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အကုန်မှာ တင်ပြသွားရန် အစီအစဉ် ရှိမရှိ တို့ကို ကျွန်တော်တို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကတိကဝတ် ပေးထားပြီးဖြစ်သော ညောင်ပင်-ဟော့ခါ ဆက်သွယ်သည့် (၂၇)မိုင်ကားလမ်းကို ပွင့်လင်းရာသီမှ စ၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) ဦးဖေသောင်း က ကတိကဝတ် ပေးထားပြီးဖြစ်သော ညောင်ပင်-ဟော့ခါ ဆက်သွယ်သည့် (၂၇)မိုင်ကားလမ်းကို ပွင့်လင်း ရာသီမှ စ၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားရပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကော်မရှင်အဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကတိကဝတ် ပေးထားပြီးတဲ့ ညောင်ပင်-ဟော့ခါ ဆက်သွယ်တဲ့ (၂၇)မိုင် ကားလမ်းကို ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးနိုင်ဖို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်နဲ့ ဖားကန့်မြို့နယ် ဆက်သွယ်တဲ့ အနီးဆုံးကားလမ်းကို ရာသီမရွေးသွားလာနိုင်ဖို့ အခုမေးမြန်းမှာ ဖြစ်ပါတယ်။ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ဟာ ကျွန်တော်တို့ဖားကန့်နဲ့ဆက်သွယ်တဲ့နေရာမှာ မိုးညှင်းကနေ ပြီးတော့မှ အုန်းစံဆိုင်၊ နန့်မွန်း၊ လုံးတုံ၊ ညောင်ပင်၊ ဟွေခါ၊ ဖားကန့်မြို့ဆိုပြီးတော့ ဆက်သွယ်တဲ့ ကားလမ်းမှာ အတိုဆုံးဖြစ်ပြီးတော့မှ မိုင်(၈၀)လောက် ရှိပါတယ်။ ဖားကန့်မြို့ကလည်းပဲ ကမ္ဘာမှာ နာမည်ကျော်ကြားတဲ့ ကျောက်စိမ်းမြို့တော်လည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီကားလမ်းကို ပြန်ကြည့်တဲ့ အခါ ဟိုပင်၊ ညောင်ပင် အထိကတော့ ကျွန်တော်တို့ လက်ရှိဆောက်လုပ်ရေးက တာဝန်ယူထားတဲ့ မိုင်(၄၀)ကားလမ်းအပိုင်းပဲ ဖြစ်ပါတယ်။

ယခု ကျွန်တော် တင်ပြတဲ့ကားလမ်းကတော့ ၁၉၉၄-၉၅ ခုနှစ်မှာ တပ်မတော်နဲ့ ပြည်သူ ဖောက်လုပ်ခဲ့တဲ့ ကားလမ်းပဲ ဖြစ်ပါတယ်။ ယခုအခါ မိုးညှင်းမြို့၊ ဟိုပင်မြို့နှင့် ကျွန်တော်တို့ ဖားကန့်၊ တာမခံ၊ ဟောင်ပါးဘက်ကို လိုင်းကားများပေးတဲ့အခါ တစ်ရက်၊ တစ်ရက်မှာ နေ့စဉ်အားဖြင့် မော်တော် အကြီး၊ အငယ်၊ အလတ်၊ အသေး အစီး(၂၀၀)ဝန်းကျင်ဟာ ပွင့်လင်းရာသီမှာ သွားလာ နေတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ သို့သော်လည်းပဲ မိုးရာသီရောက်လာပြီဆိုရင် သွားလာရေးဟာ အင်မတန်မှ ခက်ခဲပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၂၀-၁၀-၂၀၁၁ ရက်နေ့မှာ ကျွန်တော့်အနေနဲ့ လုံးတုံ၊ ဆယ်ဇင်း(၄၅)မိုင် နဲ့ ညောင်ပင်-ဟွေခါ (၂၇)မိုင်လမ်းကို ကြယ်ပွင့်ပြမေးခွန်း နဲ့မေးခဲ့ပါတယ်။ အဲဒီလိုမေးခဲ့တဲ့အခါ ကျွန်တော်တို့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဆောက်လုပ်ရေး ဝန်ကြီးဟောင်း ဦးခင်မောင်မြင့် ကနေ ပြီးတော့မှ နယ်စပ်ရေးရာဝန်ကြီး ကိုယ်စား ဆိုပြီး ၂၀၁၂- ၂၀၁၃ ခုနှစ်၊ ဖြည့်စွက်ရန်ပုံငွေ တောင်းခံပြီးတော့မှ ဒီလမ်းများကို ကျွန်တော်တို့ မြို့နယ်စည်ပင်ကို တာဝန်ပေးပြီးတော့မှ ဆောင်ရွက်သွားနိုင်အောင် စီမံပေးပါမယ်ဆိုပြီးမှ ပြောသွား ပါတယ်။ နောက်ပြီးတော့မှ ဖားကန့်နဲ့ညောင်ပင်လမ်းဟာ ယန္တရား အကူအညီလိုတဲ့အတွက်ကြောင့် မို့လို့ ဒါကိုလည်းပဲ အချိန်ပေးပြီးတော့မှ ဆောင်ရွက်ရမယ်ဆိုတာကို သိလိုက်ရပါတယ်။

သို့သော် ယခုအခါ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆယ်ဇင်း-လုံးတုံ (၄၅)မိုင်ကို ဒီနှစ်ကနေစပြီးတော့ လုပ်တော့ (၁၀)မိုင်ကျော်ကျော် မြေသားလမ်းခင်းထားပေးတာကို တွေ့ရတဲ့အတွက် ပြည်သူများ အထူးပဲ ပျော်ရွှင် နှစ်သက်နေကြပါတယ်။ သို့သော်လည်း ကျွန်တော် ယခုတင်ပြမယ့် ညောင်ပင်-ဟွေခါ (၂၇)မိုင် လမ်းကိုတော့ လုံးဝဆောင်ရွက်ခြင်း မရှိသေးတဲ့အတွက် ယခုအခါမှာ နန့်မွန်း၊ အုန်းစံဆိုင် တောင်ကြားလမ်းအတွက် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ သိန်း(၇၀၀၀) မြေသားလမ်းအဖြစ် တည်ဆောက်ရန် ခွင့်ပြုထားတဲ့အမိန့်ကိုလည်း သိရှိခဲ့ရပြီး ဖြစ်ပါတယ်။ အကယ်၍ အဲဒီလမ်းကသာ မြေသားလမ်းပေါက်သွားမယ်ဆိုရင် ကျွန်တော်တို့ မိုးညှင်းနဲ့ ဖားကန့်မြို့ကို ဆက်သွယ်မယ့်လမ်းဟာ အင်မတန်မှ နီးသွားတဲ့ လမ်းကြောင်းတစ်ကြောင်း ဖြစ်ပါမယ်။

အကယ်၍ အဲဒီလမ်းသာ ကောင်းခဲ့မယ်ဆိုရင် အဲဒီလမ်းဟာ မိုးညှင်းမြို့နဲ့ ဖားကန့်မြို့ကို ဆက်သွယ်တဲ့ကားလမ်းဟာ ကျောက်ချောလမ်းအဖြစ် တည်ဆောက်ပေးဖို့ကတော့ လိုနေပါပြီ။ ဘာကြောင့်လည်းဆိုရင် ဖားကန့်မြို့နယ်ဟာ ကမ္ဘာမှာကျောက်စိမ်းတွင်း ကျောက်စိမ်း အထွက်ဆုံး

မြို့နယ်ဖြစ်သလို ခရိုင်မြို့ဖြစ်တဲ့မိုးညှင်းကို ဆက်သွယ်ရမယ့်လမ်း၊ အနီးဆုံးလမ်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူများကလည်းပဲ ဒီလမ်းသာ ကျောက်ချောလမ်း ဖြစ်မယ်ဆိုရင် များစွာအကျိုးစီးပွား အတွက် အထောက်အကူဖြစ်မယ့် လမ်းကြီး ဖြစ်တဲ့အတွက် အခု ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတာကတော့ ဒီဟွေခါ-ညောင်ပင်(၂၇)မိုင် ရှိတဲ့လမ်းကလေးကို လာမယ့် ပွင့်လင်း ရာသီမှာ ကျောက်ချောလမ်းအဆင့်မြှင့်တင်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ သိရှိလို၍ ပြည်သူများ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ခန္တီးမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အဓိကဆက်သွယ်သည့် ခန္တီး-ဆင်သေ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို က ခန္တီးမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အဓိကဆက်သွယ်သည့် ခန္တီး-ဆင်သေ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ခန္တီးမြို့နယ်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဓိကဆက်သွယ်တဲ့ ခန္တီး-ဆင်သေ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီလိုမေးမြန်းတဲ့အခါမှာ နည်းနည်းလေး ရှင်းလင်းသွားအောင် ကျွန်တော် ရှင်းပြခွင့်ပြုပါ ခင်ဗျား။ ကျွန်တော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ခန္တီး-ဆင်သေ-လဟယ်လမ်းကို ရာသီမရွေးသွားနိုင်သော ကားလမ်းအဖြစ် ဆောင်ရွက်မယ့်အခြေအနေ၊ ပြီးစီးမယ့် ခုနှစ်တွေကို ကျွန်တော် ကြယ်ပွင့်မပြ မေးမြန်းခဲ့တာ ရှိပါတယ်ခင်ဗျား။ ဒီမေးမြန်းတဲ့အချိန်မှာ ကျွန်တော်တို့ကို ဖြေကြားတာက ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သစ်တို့တွင် လျာထားသည့် ရန်ပုံငွေမှ လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ခွင့်ရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အပြီး ဆောင်ရွက် မယ်လို့ ဖြေကြားထားပါတယ်။ ဒီလိုဖြေကြားပြီးလို့ ကျွန်တော်တို့က ၂၀၁၆ ဆိုရင်တော့ ဒီလမ်းကြီးဟာ ရာသီမရွေးသွားလို့ရနိုင်ပြီလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်ခင်ဗျား။

အရင်တုန်းကဆိုရင်တော့ ကျွန်တော်တို့ ဒီလမ်းကို ဖောက်ခဲ့ပါတယ်။ ဖောက်ရင်လည်း ကျွန်တော်တို့ဒေသက ရာသီဥတုအခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် ဒီဟာတွေဟာ ကျွန်တော်တို့ တစ်နှစ်ပြီး တစ်နှစ်၊ တစ်နှစ်ပြီး တစ်နှစ် ကျွန်တော်တို့ အဆင်မပြေပါဘူး။ အခုအချိန်အထိလည်း ကျွန်တော်တို့ နွေ၊ မိုး၊ ဆောင်း သွားလို့ မရပါဘူး။ ကျွန်တော် ဒီနားတဲ့

အချိန်လေးမှာ ကျွန်တော်ဒေသကို ပြန်သွားပါတယ်။ ကျွန်တော် လဟယ်ကို တက်ပါတယ်။ လွှတ်တော် ဘတ်ဂျက်ငွေစာရင်းရှင်းတမ်းတွေ မရမှာစိုးလို့၊ အချိန်မီ မရောက်မှာစိုးလို့ ကျွန်တော်တက်ပြီး ယူပါတယ်။ ကျွန်တော် ဆိုင်ကယ်နဲ့ တက်ရပါတယ်။ (၆)နာရီလောက် ကျွန်တော်စီးရပါတယ်။ နောက် ကျွန်တော်လမ်းမှာ (၂)ခါ၊ (၃)ခါ လဲပါတယ်။ ကျွန်တော်အသွားတုန်းကတော့ ရာသီဥတုခြောက်သွေ့တဲ့ အတွက် မလဲပါဘူး။ အပြန်မှာ ကျွန်တော် လဟယ်ကနေထွက် ခန္တီးကိုဆင်းတာနဲ့ မိုးမိပါတယ်။ မိုးမိတဲ့အတွက် ကျွန်တော်လမ်းမှာ (၂)ခါ၊ (၃)ခါ လဲပါတယ်။ ဒါပေမဲ့ လူကတော့ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရမှု မရှိပါဘူး။ ပွန်းတာ ပဲ့တာလောက်ပဲ ရှိပါတယ်။

ကျွန်တော် ဒီမေးခွန်းကို မေးရတာလည်း ကျွန်တော်တို့ဒေသ တကယ် ဖွံ့ဖြိုးစေချင်တယ်။ တိုးတက်စေချင်တယ် ဆိုရင်တော့ ကျွန်တော်တို့လမ်းပန်းဆက်သွယ်ရေးကောင်းမှ ဖြစ်မှာပါ။ လမ်းပန်း ဆက်သွယ်ရေး မကောင်းဘဲနဲ့တော့ ကျွန်တော်တို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ လူနေမှုဘဝ မြင့်မားရေးတို့၊ လူမှုစီးပွားဘဝ တိုးတက်ရေးတို့ ဒါတွေဟာပြောနေရင်လည်း ကျွန်တော်တို့ အပြောပဲ ဖြစ်မှာပါ။ လမ်းပန်း ဆက်သွယ်ရေးကောင်းမှ ကျွန်တော်တို့ဒေသက ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ အခု ဒီမြစ်ကူး တံတားကိုတင်ရခြင်းကလည်း ကျွန်တော်တို့ ခန္တီးနဲ့ လဟယ်ဆိုရင် (၅၆)မိုင် ရှိပါတယ်။ ကျွန်တော်တို့ ခန္တီးကနေ မြစ်အထိကို (၃)မိုင် ရှိပါတယ်။ နောက်တစ်ဘက်ကမ်းကနေပြီးတော့မှ ဆင်သေကနေပြီးတော့မှ လဟယ်အထိဆိုရင်တော့ (၅၃)မိုင်ရှိပါတယ်။ အားလုံးပေါင်း (၅၆)မိုင် ရှိပါတယ်။ ကျွန်တော်တို့တွက်တဲ့အချိန်မှာလည်း ကျွန်တော်တို့ ဆင်သေကနေ (၅၃)မိုင် ဒီလမ်းကိုပဲ အဓိကထားပြီးတော့မှ ပြောနေတာရှိပါတယ်။ ကျွန်တော်တို့ ခန္တီးနဲ့ဆင်သေဘက်အခြမ်း မြစ်နားအထိကို (၃) မိုင်ရှိပါတယ်။ ဒီ (၃)မိုင်ကိုလည်း ကျွန်တော်တို့ ပြုပြင်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းကို မေးမြန်းရခြင်းကလည်း ဒီအခက်အခဲတွေကြောင့် ကျွန်တော် မေးတာပါ။ ကျွန်တော်တို့ဒေသမှာ ဥပမာ ကျွန်တော်တို့ ဟုမ္မလင်းဘက်က၊ ဖားကန့်ဘက်က ကားတွေ လာမယ်။ ကျွန်တော်တို့ဘက်ဒေသကို သွားလို့မရပါဘူး။ အလွယ်တကူသွားလို့ မရပါဘူး။ ဇက်တွေနဲ့ ကူးမှ သွားလို့ရတာပါ။ ဇက်ကလည်း အချိန်မရွေးမရှိပါဘူး။ ဇက် ကျွန်တော်တို့ ခန္တီးမှာ ဆိုက်နေတဲ့ အချိန်ဆိုရင် အလွယ်တကူသွားလို့ရမယ်။ ဒီဇက်တွေ မရှိဘူးဆိုရင် ကူးလို့မရတော့ပါဘူး။ ဒီ အနေအထားမျိုးတွေကြောင့် ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်ပြီးတော့ နောက်တစ်ချက်က ကျွန်တော်တို့ ပြန်ပြီးတော့မှ လလယ်ကိုသွားတယ်။ သွားပြီးတော့မှ ပြန်လာတယ်။ သူတို့ ဇက်တွေ၊ ကူးတို့တွေနဲ့ ကူးပေးနေတာရှိပါတယ်။ အဲဒီ ကူးတို့ကူးတာကတော့ လူတို့၊ ဆိုင်ကယ်တို့ အဆင်ပြေစွာ သွားလို့ရပါတယ်။ ဒါလည်း အကန့်အသတ် ရှိပါတယ်။ ကျွန်တော်တို့ (၇)နာရီဆိုရင် ကူးမပေးတော့ပါဘူး။ ည(၇)နာရီအထိပဲ ကူးပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလိုဖြစ်နေတယ်ဆိုရင် ကူးလူးဆက်ဆံမှုဟာ ကျွန်တော်တို့က အဆင်ပြေ ချောမွေ့တယ်လို့ ပြောလို့မရပါဘူးခင်ဗျား။ ဒီတံတားကို တည်ဆောက်ပြီးတော့မှ ကုန်သွယ်မှုတွေ လုပ်မယ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုရင်တော့ အများကြီးအဆင်ပြေပါတယ်။

အဓိက သုံးမှာကတော့ ကျွန်တော်တို့ ဒီ တံတားဆောက်ပြီးမယ်ဆိုရင် ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးတွေလုပ်လို့ ရပါတယ်။ လဟယ်မှာဆိုရင် ကျွန်တော်တို့ ပုံညို ကို လုပ်လို့ရ ပါတယ်။ ကျွန်တော်တို့ နန်းယွန်းမှာဆိုရင် ပန်ဆောင်ကို လုပ်လို့ရပါတယ်။ နောက်ထပ်လည်း

ကျွန်တော်တို့ နဝသဲဘက်တို့၊ ဘာတို့မှာ ထပ်ပြီးတော့မှ လမ်းဖောက်ပြီးတော့မှ အသုံးပြုလို့ ရပါသေးတယ်။ တကယ်တမ်း ဒီဒေသကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုရင် ဒီလမ်းပန်း ဆက်သွယ်ရေးဟာ အဓိကကျပါတယ်။

ဒါကြောင့်မို့လို့လည်း ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတံတားပြီးသွားမယ်ဆိုရင် လဟယ်ကနေပြီးတော့မှ မြစ်ကြီးနားကို တစ်ရက်တည်း ရောက်နိုင်ပါတယ်။ နောက်ပြီးတော့မှ လဟယ်ကနေပြီးတော့မှ ဟုမ္မလင်းကိုလည်း တစ်ရက်တည်း ရောက်နိုင်ပါတယ်။ ဒီအနေအထားတွေ ရှိပါတယ်။ ခန္တီးနဲ့မြစ်ကြီးနားကို တစ်ရက်တည်းနဲ့ ကျွန်တော်သွားဖူးပါတယ်။ ဆိုင်ကယ်နဲ့လည်း သွားဖူးပါတယ်၊ ကားနဲ့လည်း သွားဖူးပါတယ်။ ဟုမ္မလင်းကိုလည်း ကျွန်တော်သွားဖူးပါတယ်။ ကားနဲ့လည်း သွားဖူးပါတယ်။ ဒီအနေအထားတွေကို ထင်ထင်မြင်မြင် ရှိအောင်လို့ ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ဒီတံတားဆောက်လုပ်ပြီးရင် အသုံးပြုနိုင်တဲ့ ဒေသတွေကတော့ လဟယ်မြို့နယ်မှာဆိုရင် ထန်ပါခွေ မြို့နယ်ခွဲ၊ နန်းယွန်းမြို့နယ်ကဆိုရင် နန်းယွန်းမြို့နယ်ခွဲ၊ နောက် လဟယ်နဲ့ နန်းယွန်းနဲ့လည်း လမ်းပေါက်နေတယ်။ လဟယ်နဲ့ ဒုံဟီးနဲ့လည်း လမ်းပေါက်နေတယ်။ လဟယ်နဲ့ ထန်ပါခွေနဲ့လည်း လမ်းပေါက်ဖို့ရာ အစီအစဉ်တွေ ရှိတဲ့အတွက် ဒီဒေသအတွက် အများကြီး အထောက်အကူပြုတော့မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ခန္တီးတစ်ဖက်ကမ်းမှာရှိတဲ့ နာဂတိုင်းရင်းသားတွေနေထိုင်တဲ့ ကျေးရွာပေါင်း(၂၀)ကျော်ကလည်း ဒီတံတားကိုပဲ အသုံးပြုပြီးတော့မှ သွားလာနေရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် လေးစားစွာ တင်ပြမေးမြန်းလိုတာကတော့ (က) ခန္တီးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အဓိကဆက်သွယ်သည့် ခန္တီး-ဆင်သေချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်နည်း၊ အစီအစဉ် မရှိပါက မည်သည့်အခက်အခဲကြောင့် ဖြစ်သည်ကို ဖြေကြားပေးပါရန် ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၁၇ ဗိုလ်မှူးချုပ် အောင်ကျော် မေးမြန်းထားတဲ့

တာချီလိတ် - မိုင်းဆတ်- မိုင်းတုံကားလမ်းမှ မိုင်းဆတ် - မိုင်းတုံလမ်းအပိုင်းအား အဆင့်မြှင့် တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှစ၍ မည်သို့ စီစဉ် ဆောင်ရွက်ပေးမည်ကို သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းတုံ- မိုင်းဆက်လမ်းဟာ (၄၂)မိုင် ရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ မိုင်းတုံ- မိုင်းဆတ်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း (၁၅၀)နဲ့ မိုင်တိုင်အမှတ် ၁၆၈/၀ ကနေ မိုင်တိုင်အမှတ် ၁၇၀/၄ အထိ မြေသားလမ်းမှ အမာခံလမ်း (၂)မိုင် (၄)ဖာလုံ ဆောင်ရွက် ပြီးစီးခဲ့ပါတယ်။ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁)မိုင် (၆.၅)ဖာလုံ၊ အမာခံလမ်း (၆)မိုင် (၄)ဖာလုံ၊ မြေသားလမ်း (၃၃)မိုင် (၅.၅)ဖာလုံ စုစုပေါင်း (၄၂)မိုင် ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်(၂၀၀) သန်းနဲ့ မိုင်တိုင် အမှတ် ၁၅၀/၀ မှ မိုင်တိုင်အမှတ် ၁၅၁/၂ ထိ (၁)မိုင် (၂)ဖာလုံ အရှည်ရှိတဲ့ မိုင်းတုံမြို့တွင်းလမ်းကို ကတ္တရာလမ်းခင်းခြင်း၊ မိုင်တိုင်အမှတ် ၁၇၂/၀ မှ မိုင်တိုင်အမှတ် ၁၇၂/၆ ကို အမာခံလမ်းခင်းခြင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာပဲ မိုင်းတုံ- မိုင်းဆတ်လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက် နိုင်ရန်အတွက် မိုင်းပြင်း-မက်မန်းလမ်း၏ ရန်ပုံငွေမှ ကျပ် သန်း(၆၀၀) လွှဲပြောင်းသုံးစွဲခွင့် ရရှိရေး အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သုံးစွဲခွင့် ရပါက မိုင်တိုင်အမှတ် ၁၅၁/၂ မှ မိုင်တိုင်အမှတ် ၁၅၂/၂ ထိ (၁)မိုင်၊ မိုင်တိုင်အမှတ် ၁၈၈/၄ မှ မိုင်တိုင်အမှတ် ၁၈၉/၀ ထိ (၄)ဖာလုံ၊ မိုင်တိုင်အမှတ် ၁၈၉/၀ မှ မိုင်တိုင်အမှတ် ၁၉၀/၂ ထိ (၁)မိုင် (၂)ဖာလုံ စုစုပေါင်း (၂)မိုင် (၆)ဖာလုံကို ကတ္တရာလမ်းသစ်ခင်းခြင်းနဲ့ မိုင်တိုင်အမှတ် ၁၈၀/၄ မှ မိုင်တိုင်အမှတ် ၁၈၂/၄ ထိ (၂)မိုင်၊ မိုင်တိုင်အမှတ် ၁၇၅/၄ မှ မိုင်တိုင်အမှတ် ၁၇၇/၄ ထိ (၂)မိုင်၊ မိုင်တိုင်အမှတ် ၁၆၇/၀ မှ မိုင်တိုင်အမှတ် ၁၆၈/၀ ထိ (၁)မိုင်၊ စုစုပေါင်း (၅)မိုင်ကို အမာခံ လမ်းခင်းခြင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြေလမ်းအဆင့် ကျန်ရှိတဲ့ (၂၃)မိုင် (၇.၅) ဖာလုံကို အမာခံလမ်းအဆင့် ရရှိရန် အထူး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ခွဲဝေပေးနိုင်မှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုးတွင်းကာလမှာ မိုးဒဏ်ကြောင့် ပျက်စီးမှုများကိုလည်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မိုင်းတုံ- မိုင်းဆတ်လမ်းပိုင်းမှာ ကတ္တရာလမ်းအဆင့် ရောက်ရှိရန် ကျန်ရှိနေတဲ့ (၃၆)မိုင် (၁.၅)ဖာလုံကို ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံ၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း၃၁၃၁၄ ဗိုလ်မှူး မျိုးထွန်းအောင် မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လိုအပ်သော အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ပြုပြင်ခြင်း ဆောင်ရွက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ၂၉-၃-၂၀၁၃ နေ့မှာ ပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အတည်ပြုချက်အရ (၁၂) ဘီလီယံသာ ခွင့်ပြုရရှိခဲ့ပါတယ်။ ကျန်တဲ့ (၁၃)ဘီလီယံကို တိုင်းဒေသကြီးပြည်နယ် အသီးသီးရှိ လမ်း (၁၈)လမ်းနှင့် တံတား (၁၅)စင်းကို ခွဲဝေပေးခဲ့ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းအတွက် ခွင့်ပြုရန်ပုံငွေနဲ့ လျာထားချက်အတိုင်း ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းများကတော့ (က) Concrete Barrier များ ဆောင်ရွက်ခြင်း (၁၉၆၉၅)ခု၊ (ခ) (၆)ပေ အမြင့် ခြံစည်းရိုး ကာရံခြင်း (၅)မိုင် (၄)ဖာလုံ၊ (ဂ)ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း (၄၀)မိုင် (၇)ဖာလုံ၊ (ဃ) Guard Rail များ တပ်ဆင်ခြင်း (၅၀)မိုင် (၄)ဖာလုံ၊ (င) ကျောက်ရိုးစီမြေကာနံရံပြုလုပ်ခြင်း (၆၃၃၀)ပေ၊ (စ) သတိပေးအချက်ပြမီးများ တပ်ဆင်ခြင်း (၁၄၄)ခု၊ (ဆ) ကူကွဲ-စကားအင်း- တံခွန်တိုင် လမ်းလယ်ကျွန်းအား Raised Medium မှ Depressed Medium အဖြစ်သို့ ပြောင်းလဲ တည်ဆောက်ခြင်းနှင့် မြေသားတာဘောင်အခြေအား သတ်မှတ်ပုံစံအတိုင်း ပြန်လည်တည်ဆောက်ခြင်း (၄၉၀၈၀)ပေ၊ (ဇ) တံတား တိုးချဲ့တည်ဆောက်ခြင်း (၅)စင်းတို့ ဖြစ်ပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ (အမြန်လမ်း)၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမြန်လမ်းရဲတပ်ဖွဲ့တို့ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်/ယာဉ်လိုင်စင်/လုပ်ငန်းလိုင်စင် စစ်ဆေးခြင်း၊ အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး စစ်ဆေးခြင်း၊ တာယာကြံ့ခိုင်မှု စစ်ဆေးခြင်း၊ ယာဉ်အောက်ပိုင်း ကြံ့ခိုင်မှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဧပြီလမှာ ယာဉ်မတော်တဆမှု (၆၀)ကြိမ်နဲ့ မေလမှာ (၄၀)ကြိမ် ဖြစ်ပွားခဲ့ပြီး၊ ပြီးခဲ့တဲ့ ဇွန်လတွင် (၂၉)ကြိမ် ဖြစ်ပွားတဲ့ ဖြစ်စဉ်ကို လေ့လာကြည့်တဲ့အခါမှာ ယာဉ်မတော်တဆမှု ထက်ဝက်ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယာဉ်မတော်တဆမှုများ ထပ်မံလျော့နည်း ကျဆင်းရေးအတွက် ပူးပေါင်းအဖွဲ့နဲ့ ဆက်လက် ဆောင်ရွက်လျက် ရှိပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင် ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် (၁၅) ဘီလီယံနဲ့ AC ခင်းခြင်း (၃၅)မိုင် (၇)ဖာလုံ၊ တံတားရေပြွန်တည်ဆောက်ခြင်းနဲ့ အဝင်/ အထွက် ကွန်ကရစ်ခင်းခြင်း (၇)စင်း၊ ပျော်ဘွယ်-နတ်မောက်ရထားလမ်းနှင့် တံတားလမ်းကြား ကွန်ကရစ်ခင်းခြင်း (၂၂၂၆)ပေ၊ ကျောက်ရောမြေလမ်းပခုံးပြုလုပ်ခြင်း (၅)မိုင်(၄)ဖာလုံ လမ်းလယ်ကျွန်း အုတ်စီရေမြောင်း ပြုလုပ်ခြင်း၊ (၅)မိုင် (၃)ဖာလုံ Rest Camp များတွင် လမ်းမီးတိုင်၊ Over Head Line တပ်ဆင်ခြင်း၊ (၆၂)တိုင်၊ Guard Rail တပ်ဆင်ခြင်း (၄၅)မိုင်၊ အရှိန်ထိန်း ကင်မရာတပ်ဆင်ခြင်း (၆)ခု ကီလိုမီတာတိုင်များ စိုက်ထူခြင်း

(၁၁၇၈)ခု တို့ ဆောင်ရွက်မှာဖြစ်ပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ တံတား (၂၅)စင်းကို တစ်ဖက်လျှင် မူလ (၂၄)ပေမှ (၄၈)ပေ အကျယ် ချဲ့ခြင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ ကျပ် (၁၀) ဘီလီယံဖြင့် (၂၅)ပေ အကျယ် AC ခင်းခြင်း (၂၆)မိုင်၊ Guard Rail တပ်ဆင်ခြင်း (၂၀)မိုင်၊ တံတားများ အား တစ်ဖက်လျှင် မူလ (၂၄)ပေမှ (၄၈)ပေ အကျယ်ချဲ့ခြင်း (၂၅)စင်း ဆောင်ရွက်ရန် ရန်ပုံငွေ တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားအကူအညီနဲ့ ငွေကြေး၊ နည်းပညာများ ရရှိအောင်လည်း ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ နောက်(၃)နှစ်တာ ကာလအတွက် နှစ်အလိုက် လုပ်ငန်း စီမံချက်များကတော့ (၂၅)ပေအကျယ် AC ခင်းခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ Guard Rail တပ်ဆင်ခြင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ (၆၀)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၆၀)မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၆၀)မိုင်၊ ခြံစည်းရိုးကာရံခြင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ တံတားများအား (၂၄)ပေမှ (၂၈)ပေ အကျယ်ချဲ့ခြင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၆၀)စင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၆၀)စင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၅၂)စင်း၊ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ (၅၀)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၅၀)မိုင်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရရှိတဲ့ ရန်ပုံငွေအပေါ် မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး လမ်းမကြီးမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများအတွက် ကိုယ်စားလှယ်တော်ကြီး မေးမြန်း ထားတဲ့ လုပ်ငန်းများနဲ့ပတ်သက်ပြီး ပြီးစီးမှု အခြေအနေတွေကတော့ Barrier များ တပ်ဆင်ခြင်း ၂၀၁၃-၂၀၁၄ နှစ်မှာ ပြီးစီးမှုက (၁၉၆၉၅)ခု ပြီးစီးမှု ရာခိုင်နှုန်းက (၁၀၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ Guard Rail တပ်ဆင်ခြင်း (၅၀)မိုင် (၄)ဖာလုံဟာ (၁၀၀) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း (၄၀)မိုင် (၇)ဖာလုံနဲ့ (၁၀၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ခြံစည်းရိုး ကာရံခြင်း (၅)မိုင်၊ (၄)ဖာလုံ (၁၀၀) ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ဘဏ္ဍာရေးနှစ်ကုန်မှာ ပြီးစီးမှု ရာခိုင်နှုန်းနဲ့အတူ တင်ပြသွားရန် အစီအစဉ် ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ယခုဆက်လက်ပြီး ကချင်ပြည်နယ်၊ အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း မေးမြန်းထားတဲ့ ညောင်ပင်-ဟွေခါ ဆက်သွယ်သော (၂၇)မိုင် ကားလမ်းကို တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ၊ မရှိ သိရှိလိုတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား ပါမယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းမှာရှိတဲ့ မိုးညှင်း မြို့နယ်နဲ့ ဖားကန့်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ မိုးညှင်း- ဘီလူး- အုန်းစံဆိုင်- နန့်မွန်း- ညောင်ပင်-

ဟွေခါ- ဖားကန့် လမ်းဟာ (၆၈)မိုင် (၄)ဖာလုံ ရှည်လျားပါတယ်။ အဲဒီလမ်းရဲ့ မိုးညှင်းမှ ဘီလူးအထိ (၅)မိုင်နဲ့ နန့်မွန်းမှ ညောင်ပင်အထိ (၂၅)မိုင်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဘီလူးမှ နန့်မွန်းအထိ (၁၁)မိုင်(၄)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းရန် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ညောင်ပင်- ဟွေခါ- ဖားကန့်အပိုင်း (၂၇)မိုင် ကတော့ ဒေသဖွံ့ဖြိုးရေးလမ်းဖြစ်ပါတယ်။ မိုးညှင်းမှ ညောင်ပင်အထိ (၄၁)မိုင်(၄)ဖာလုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် သန်းပေါင်း(၁၁၈၆၇.၇၃)နဲ့ ကတ္တရာလမ်းခင်းခြင်း (၈)မိုင်(၅.၅)ဖာလုံ၊ ကျောက်လမ်းခင်းခြင်း(၁၃)မိုင် (၂)ဖာလုံ၊ အမာခံလမ်းခင်းခြင်း(၁၇)မိုင်(၂)ဖာလုံ၊ မြေသားတာဘောင်တင်ခြင်း(၃)ဖာလုံ၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း(၂၆၀၀)ပေ၊ (၅၀)ပေအောက် တံတား (၇၆)စင်း၊ (၁၀၀)ပေအရှည် မိုင်းနောင်ခေါင်တုန်း တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ညောင်ပင်- ဟွေခါ- ဖားကန့်လမ်းပိုင်း (၂၇)မိုင်ဟာ ၁၉၉၄ ခုနှစ်မှာ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ကိုယ်ထူ ကိုယ်ထစနစ်နဲ့ ဖောက်လုပ်ခဲ့တဲ့ လမ်းဖြစ်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက တာဝန်ယူတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို မေးမြန်းထားတဲ့ ခန္တီးမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဓိကဆက်သွယ်သည့် ခန္တီး မှ ဆင်သေ ချင်းတွင်းမြစ် ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောက်လုပ်မည် နှင့် အစီအစဉ်မရှိပါက မည်သည့်အခက်အခဲများကြောင့် ဖြစ်သည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့် ဆင်သေ၊ လဟယ် မြို့တို့အား ဆက်သွယ်နိုင်မည့် ချင်းတွင်းမြစ်ကူးတံတား ဆောက်လုပ်ပေးပါက ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည့် လဟယ်မြို့နယ်၊ ထန်ပါခွေမြို့နယ်ခွဲ၊ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နယ်ခွဲ၊ ပန်ဆောင်မြို့နယ်ခွဲများအတွက် လမ်းပန်း ဆက်သွယ်မှု လွယ်ကူကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူ ပြုနိုင်မှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းလုံး လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲပြီး ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာလည်း ချင်းတွင်းမြစ်ကူး(ကလေးဝ) တံတားကို ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်လျက်ရှိရာ ရန်ပုံငွေခွဲဝေပေးမှု အပေါ် မူတည်ပြီး (၃)နှစ်ခန့် တည်ဆောက်ရမှာ ဖြစ်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင်မှ ပြီးစီးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးမြို့နှင့် ဆင်သေ ဆက်သွယ်မည့် ချင်းတွင်းမြစ်ကူးတံတားအား လောလောဆယ်တည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအား နေပြည်တော်ကဲ့သို့ သန့်ရှင်းလှပအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်းကို ကျန်းမာရေးအခြေအနေအရ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူက မေးမြန်းဖို့ ဖြစ်ပါတယ်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအား နေပြည်တော်ကဲ့သို့သန့်ရှင်းလှပအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးပေါလ်ထန်ထိုင်း ကိုယ်စား ဖတ်ကြားခွင့်ပြုပါရန် တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံအရပ်ရပ် ဒေသရှိမြို့များ၊ ရွာများမှာ နိုင်ငံခြားခရီးသည်များ နှစ်စဉ် တိုးတက်များပြား ရောက်ရှိလာကြပြီ ဖြစ်ပါသည်။ ထိုအခါ ကျွန်တော်တို့ အိမ်ရှင်များကလည်း မိမိတို့ဒေသနေရပ်များကို သန့်ရှင်းအောင်လုပ်ပြီး ပျော်စရာကောင်းသော မြို့များ၊ ရွာများ ဖြစ်စေသင့်ပါသည်။ အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များသည် နိုင်ငံခြားသားများ အဝင်အထွက်များသော မြို့ကြီးများ ဖြစ်ကြပါသဖြင့် မြို့တော် နေပြည်တော်ကဲ့သို့ သန့်ရှင်းလှပ၍ စိတ်ချမ်းသာမှုရှိစေရန် အလှပင်၊ အရိပ်ရပင်များ သင့်တော်သလို စိုက်ရန်နှင့် တည်းခိုခန်းများ၊ လေဆိပ်များ၊ သင်္ဘောဆိပ်များ၊ ရထားဘူတာရုံများ၊ ကားဂိတ်များကို ကျန်းမာရေး နှင့်ကိုက်ညီအောင်၊ ကြည့်ကောင်းမြင်ကောင်းဖြစ်အောင် အမြဲလုပ်သင့်ပါသည်။ ရန်ကုန်မြို့သည် နိုင်ငံတော်၏ မျက်နှာစာမြို့ကြီး စီးပွားရေးမြို့တော် ဖြစ်ပါသဖြင့် လမ်းများ၊ ရေမြောင်းများ သန့်ရှင်းလှပအောင် လုပ်ရန် လိုပါသည်။

ရန်ကုန် အချို့မြို့နယ် လမ်းမကြီးများဘေးတွင် ဆိုင်များကဲ့သို့ ပစ္စည်းရောင်းခြင်းရှိသည်ကို လူတိုင်းအသိဖြစ်ပါသည်။ ရေနုတ်မြောင်းများတွင် အမှိုက်များနှင့် မလိုလား မခံနိုင်သောအနံ့များ၊ ရွံ့စရာကောင်းသော အညစ်အကြေးများနှင့် ပြည့်နှက်နေပါသည်။ အချို့မြို့နယ် ရပ်ကွက်များတွင် တိရစ္ဆာန်ထိန်းသိမ်းမှုညံ့ဖျင်းခြင်းနှင့် ရန်ကုန်မြို့တွင် ခွေးအန္တရာယ် များပြားနေသည်ကို တွေ့ရှိရပါတယ်။

ရန်ကုန်မြို့ လေလွင့်ခွေးများ တိုးပွားမှုမြန်နေပါသဖြင့် ထိန်းသိမ်းနှိပ်ကွပ်ခြင်း မလုပ်ပါက (၁၀)နှစ်တွင် ရန်ကုန်လမ်းမကြီးပေါ်တွင် ကားနှင့် ခွေးများ ပြန့်ကျက်ပြီး ပြည်သူများအတွက် ခွေးသည် ရန်သူ ဖြစ်လာနိုင်ပါသည်။ ဆက်လက်ပြောချင်တာကတော့ ရန်ကုန်နှင့် မန္တလေးမြို့များကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့များက သန့်ရှင်း လှပအောင် လုပ်သင့်ပါသည်။ (၁) နေပြည်တော်ကဲ့သို့ မြို့ကြီးများအား လှပသန့်ရှင်းရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို ကောင်းမွန်အောင် အမြဲဆောင်ရွက်ပါရန်နှင့် ရေနုတ်မြောင်းများ ကောင်းမွန်သန့်ရှင်းအောင် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ (၂) မြို့ကြီးများတွင် အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် တိရစ္ဆာန်ထိန်းသိမ်းရေး၊ လေလွင့်ခွေးများ ကင်းရှင်းပပျောက်ရေး ယခုထက် ထိရောက်မှုရှိအောင် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းထဲမှာ ခွေးမြို့တော်ဆိုတာကတော့ မသင့်တော်ပါဘူး။ ဒါကို ကောက်နုတ်ပယ်ဖျက်ကြောင်း ညွှန်ကြားပါတယ်။

**မြိတ်မြို့အား ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘုရားကိုင်ချောင်းမှ မြေထိန်းကျောက်စီနံရံ ပြုလုပ်ရန် ကျန်ရှိ နေသည့် ပေ(၇၈၀၀)ခန့်အား မြေထိန်းကျောက်စီနံရံ ပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန် က မြိတ်မြို့အား ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘုရားကိုင်ချောင်းမှ မြေထိန်းကျောက်စီနံရံ ပြုလုပ်ရန် ကျန်ရှိနေသည့် ပေ(၇၈၀၀)ခန့်အား မြေထိန်းကျောက်စီနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ ဂါရဝ နှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြိတ်မြို့အား ဖြတ်သန်းစီးဆင်းလျက်ရှိသော ပေ(၁၁၀၀၀)ခန့် ရှည်လျားသည့် ဘုရားကိုင်ချောင်းမှ မြေထိန်းကျောက်စီနံရံများ ပြုလုပ်ရန် ကျန်ရှိနေတဲ့ ပေ(၇၈၀၀)ခန့်ရှိတဲ့ ချောင်းအပိုင်းအား မြေထိန်းကျောက်စီနံရံ ပြုလုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်မြို့ဟာ အရှေ့မြောက်အရပ်ကနေပြီးတော့ အနောက်တောင်အရပ်သို့ မြိတ်တောင်ကျေးရွာ၊ ကံဖျားရပ်၊ ဝန်ထမ်းရပ်၊ ပါရမီရပ်၊ ဘုရားကိုင်ရပ်၊ ကြောင်ငယ်ရပ်နှင့် မြိတ်တောင်ရပ်တို့ကို ဖြတ်သန်းပြီးတော့ တနင်္သာရီမြစ်ဝထွက်ပေါက်သို့ စီးဆင်းနေတဲ့ ချောင်းဟာ ဘုရားကိုင်ချောင်းလို့ ခေါ်ပါတယ်။ ဒီဘုရားကိုင်ချောင်းဟာ မြိတ်မြို့ တည်ထောင်စဉ်ကနေပြီးတော့

ယနေ့ထိတိုင် စီးဆင်းလျက်ရှိတဲ့ မြို့ဖြတ်ချောင်းတစ်ခု ဖြစ်ပါတယ်။ မူလချောင်းဟာ အလျားဟာ ဆိုလို့ရှိရင် ပေ (၁၁၀၀၀)ခန့် ရှည်လျားပြီးတော့ လှေ၊ သမ္ဗာန်များ ဝင်ရောက်နိုင်တဲ့အထိ ကျယ်ဝန်း ပါသော်လည်းပဲ တစ်နေ့တခြား လူဦးရေထူထပ်လာခြင်း၊ ချောင်းပတ်ဝန်းကျင်မြေသားများ ပြိုကျလာခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်မှုမရှိခြင်းနဲ့ အိမ်ရာမြေများ တိုးချဲ့ဆောက်လုပ်လာခြင်းတို့ကြောင့် တစ်နေ့တခြား ချောင်းကျဉ်းမြောင်းလာပြီးတော့ တချို့နေရာတွေမှာ ချောင်းရာများ တိမ်ကောလာခဲ့ပါတယ်။ ယခင်က ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှ မြောင်းကြီး၊ မြောင်းငယ်များ ဘုရားကိုင်ချောင်းဆီသို့ စုပေါင်း စီးဝင်ပြီးတော့ ထိုမှတစ်ဆင့် တနင်္သာရီမြစ်ဝထွက်ပေါက်ရှိရာ မြိတ်တောင်ရပ်ကွက်မှတစ်ဆင့် စီးဆင်းကာ ရေစီးရေလာ ကောင်းခဲ့ပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ အနီရောင်တွေ ပြထားတဲ့ဟာဆိုရင် ကျွန်တော်တို့ အခု မလုပ်ရသေးတဲ့နေရာတွေ ဖြစ်ပြီးတော့ အပြာရောင်တွေပြထားတဲ့ပေ (၃၀၀၀) နေရာဟာဆိုလို့ရှိရင် ရေထိန်းကျောက်စီမြောင်း လုပ်ထားပေးတဲ့နေရာ ဖြစ်ပါတယ်ခင်ဗျား။ ဘုရားကိုင်ချောင်း ရေစီး၊ ရေလာကောင်းမွန်ရေးအတွက် ချောင်းအရှည် ပေ (၁၁၀၀၀) အနက်မှ ပေ (၃၀၀၀) နေရာခန့်ကို ကျွန်တော်တို့ မြေထိန်းကျောက်စီနံရံ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ပေ (၇၈၀၀) ခန့်ကို တူးဖော်ပြီးတော့၊ တူးဖော်တယ်ဆိုတာ တစ်ချို့နေရာတွေမှာ တိမ်ကောနေတဲ့နေရာ ရှိသေးလို့ပါခင်ဗျ။ တူးဖော်တိုးချဲ့ပြီးတော့ မြေထိန်းကျောက်စီနံရံ ပြုလုပ်လိုက်မယ်ဆိုပါရင် စီးဝင်စရာ ချောင်း တိမ်ကောနေပြီးတော့ ရပ်ကွက်၊ ကျေးရွာအနှံ့ ပြန့်ကျဲစီးဆင်းနေတဲ့ ရေများဟာဆိုလို့ရှိရင် ဘုရားကိုင်ချောင်းထဲစီးဝင်ပြီး ထိုမှ တစ်ဆင့် တနင်္သာရီမြစ်ဝှမ်းအတွင်းသို့ စီးဝင်နိုင်မှာ ဖြစ်ပါတယ်။

နှစ်စဉ် မိုးရာသီကာလများမှာ မိုးရွာသွန်းမှုများပြားခြင်းကြောင့် ရေမြောင်းများသည် စီးဆင်း စရာ နေရာမရှိသဖြင့် ချောင်းပိတ် ၊ မြောင်းပိတ် ဖြစ်ကာ ဖြတ်သန်းစီးဆင်းရာ ရပ်ကွက် ၊ ကျေးရွာများတွင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပွားနေပါ၍ မြို့နယ်ပြည်သူများက ဘုရားကိုင်ချောင်းရဲ့ ကျန်ရှိတဲ့ ပေ (၇၈၀၀) ခန့်ရှိတဲ့အပိုင်းကို ထပ်မံတူးဖော်ပြီးတော့ မြေထိန်းကျောက်စီနံရံ ပြုလုပ်ပေးမည် ဆိုပါက အလွန်တရာ သင့်တော်မည်ဖြစ်ကြောင်း လိုလားတောင့်တလျက်ရှိပါတယ်။ ယင်း ပေ (၇၈၀၀) ဟာ မြေထိန်းကျောက်စီ နံရံ ပြုလုပ်ရန်အတွက် ကုန်ကျစရိတ်ကို စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာရဲ့တွက်ချက်မှုအရ ကျပ်သန်း (၈၀၀) ခန့် ကုန်ကျမယ်ဟု သိရှိရပါသဖြင့် တစ်ကြိမ်တည်းမဟုတ်ဘဲနဲ့နှစ်အလိုက် စီမံကိန်း ရေးဆွဲပြီးတော့ ပြုလုပ်ဆောင်ရွက်ပေးသွားပါရန် အကြံပြုတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မြိတ်မြို့အား ဖြတ်သန်းစီးဆင်းလျက်ရှိသော ပေ (၁၁၀၀၀) ခန့် ရှည်လျားသည့် ဘုရားကိုင်ချောင်းမှာ မြေထိန်း ကျောက်စီနံရံ ပြုလုပ်ရန် ကျန်ရှိနေတဲ့ ပေ (၇၈၀၀) ခန့်အား၊ ၎င်းချောင်းပိုင်းအား မြေထိန်းကျောက်စီနံရံ ပြုလုပ်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိလျှင် မည်သည့်ဘဏ္ဍာရေး ခုနှစ်တွင် ပြုလုပ်မည် ဖြစ်ကြောင်း ကို မြိတ်မြို့နေ ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးအောင်သိမ်း၊ (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သတ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ရရှိတဲ့ ဘဏ္ဍာငွေအပေါ် မူတည်ပြီးတော့ ရေမြောင်းများပြုပြင်ခြင်း၊ လိုအပ်တဲ့နေရာများမှာ အသစ် တည်ဆောက်ခြင်းနဲ့ ရေမြောင်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ကော်မတီနယ်နိမိတ်အတွင်းမှာရှိတဲ့တိရစ္ဆာန်မှ လူသို့ကူးစက်စေတတ်တဲ့ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်တဲ့ လေလွင့်ခွေးများ ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်များမှာရှိတဲ့ လူနေရပ်ကွက် လမ်းများ၊ စာသင်ကျောင်းများ ၊ တက္ကသိုလ်များ ၊ ဈေးများ ၊ ဆေးရုံများ၊ ဌာနဆိုင်ရာအဝန်းအဝိုင်းများတို့မှာ ခွေးလေခွေးလွင့်များကို နယ်မြေအလိုက် သက်ဆိုင်ရာ ကုသရေးနှင့် ကာကွယ်ရေးဌာနခွဲ ခရိုင်များမှဝန်ထမ်းများနှင့်အပတ်စဉ် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့မှအပ ကျန်တဲ့နေ့များမှာ ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအပြင် ပြည်သူလူထုမှ သတင်းပေးတိုင်ကြားတဲ့နေရာများ၊ သတင်းစာ၊ ဂျာနယ်နဲ့ မီဒီယာများမှာဖော်ပြပါရှိတဲ့နေရာများ၊ ဌာနမှ ကွင်းဆင်းစစ်ဆေးတွေ့ရှိ၍ ခွေးလေခွေးလွင့်များ ပေါများတဲ့ နေရာများကို အချိန်နဲ့တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ အပတ်စဉ် ကြာသပတေးနေ့တိုင်းခရိုင် (၄) ခရိုင် နဲ့ ဌာန ရုံးချုပ်မှ ဖွဲ့စည်းထားတဲ့ အထူးလုပ်ငန်းအဖွဲ့တို့မှ ဝန်ထမ်းများစုစည်းပြီးတော့ စုပေါင်းရှင်းလင်းခြင်းတို့အား ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ရှင်းလင်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွေးလေခွေးလွင့် ကောင်ရေ (၃၅၁၉၄) ကောင် နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မေလအထိ ခွေးလေ ခွေးလွင့်အကောင်ရေ (၅၁၈၇) ကောင် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး စီမံချက်များရေးဆွဲပြီးတော့ ဆက်လက်ရှင်းလင်းဆောင်ရွက် လျက်ရှိပါတယ်။

မိမိတို့လူမျိုးဟာ တိရစ္ဆာန်များအပေါ်မှာ စာနာသနားတတ်တဲ့ သဘောထားရှိပြီးတော့ ခွေးလေခွေးလွင့်များကို စနစ်တကျ မှတ်ပုံတင် မွေးမြူခြင်းမရှိဘဲနဲ့ စားကြွင်းစားကျန်များ ကျွေးမွေးနေခြင်းအတွက်ကြောင့် အကောင်ရေများ တိုးပွားနေခြင်းမှာ အကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုဌာနနဲ့ သားသတ်ဌာနများအနေနဲ့ ခွေး၊ ကြောင် စတဲ့ အိမ်မွေးတိရစ္ဆာန်များ မွေးမြူလိုပါက စနစ်တကျ မှတ်ပုံတင်ခြင်း ခွေးရူးရောဂါ ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် မွေးမြူခွင့်ပြုထားပါတယ်။ တိရစ္ဆာန်ဆေးကုနဲ့ သားသတ်ဌာနမှ လက်ရှိအနေအထားမှာ အဆိပ်ဆေး ကျွေးပြီးတော့ ရှင်းလင်းခြင်း၊ မေ့ဆေးပေး ရှင်းလင်းခြင်း၊ အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီးတော့ မျိုးပွားမှုအားဆေးထိုးထိန်းသိမ်းစေခြင်း စတဲ့

နည်းလမ်းများကို အသုံးပြုပြီးတော့ ခွေးလေ ခွေးလွင့်များလျော့ကျရေးအတွက်ကို စာပိုဒ် (၁) ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အနေနဲ့လည်း မန္တလေးမြို့မှာ ရေစီးရေလာ ကောင်းမွန်စေရေးအတွက်ကို နှစ်စဉ် စီမံချက်များရေးဆွဲပြီးတော့ ရေမြောင်းများ အသစ်ဖော်ထုတ်ခြင်း၊ တိမ်ကောနေတဲ့ရေမြောင်းများကို ရှင်းလင်းဆယ်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရေမြောင်းပေ (၂၅၆၀၀၆၁) ပေ ရှင်းလင်းဆယ်ယူပြီးစီးခဲ့ပြီးတော့ မြောင်းစာ နွံတန်ချိန်ဟာ (၂၁၆၂၃) တန် ဆယ်ယူနိုင်ခဲ့ပြီးဖြစ်ပါတယ်။ မြောင်းမကြီး (၂၁) ခု နဲ့ ပေရှည် (၃၁၅၆၅) ပေတို့အား ကုန်ကျစရိတ် ငွေကျပ် (၂၂၆၈.၈၁) သန်းဖြင့် အဆင့်မြှင့်တင် ကျောက်ရိုးစီမြောင်းများပြုလုပ်ခြင်း ၊ မြောင်းလတ် (၂၁) ခု ကို ပေအရှည် (၃၄၆၄၃)ပေအား ကုန်ကျစရိတ်ငွေကျပ် (၁၃၃၁.၆၃) သန်းဖြင့် အုတ်ရိုးစီ ရေမြောင်း ပြုလုပ်ပေးခြင်း၊ ရပ်ကွက်တွင်း အိမ်သုံးရေမြောင်း စုစုပေါင်း (၂၁)ခု ၊ ပေအရှည် (၈၁၃၇) ပေအား ကုန်ကျစရိတ်ငွေကျပ် (၁၃၆.၅၇) သန်း အကုန်ကျခံပြီးတော့ မြေသားမှ အုတ်ရေမြောင်းအဆင့် Level တိုင်းတာခြင်း၊ ပြုလုပ်ပေးခြင်းဖြင့် ရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။

မြို့တော်သန့်ရှင်းရေးထက် နေ့စဉ် အမှိုက်တန်ချိန် ပျမ်းမျှ (၈၂၀) ခန့်ကို လူအင်အား (၁၂၉၄) ဦးနဲ့ အမှိုက်သယ်ယာဉ် (၁၈၄) စီး၊ သုံးဘီးဆိုင်ကယ် (၁၅၄) စီး၊ စုစုပေါင်း (၃၃၈) စီးနဲ့ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရွှေတချောင်း မြောင်းမှာရှိတဲ့ ကပ်ကျော်ရေထိန်းတံခါးမှ ပေ (၁၀၀၀) ခန့်အကွာမှာ အမှိုက်စစ်သံဇကာပြုလုပ်ပြီးတော့ အမှိုက်ဆယ်စက် Trash Remover ကို ကုန်ကျစရိတ်ငွေ ကျပ်သိန်းပေါင်း (၂၄၃၀.၀) သိန်းဖြင့် အကုန်ကျခံတည်ဆောက်နေပြီးတော့ စက်ယန္တရားဖြင့် အမှိုက်ဆယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါတယ်။

ထို့အပြင် မန္တလေးမြို့အတွင်း တိရစ္ဆာန်ထိန်းသိမ်းရေး ၊ ခွေးလေခွေးလွင့် ကင်းရှင်း ပပျောက်ရေးအတွက် ခွေးအဆိပ်ဆေးအား အသားလုံးဖြင့် ရောကျွေးခြင်းဖြင့် ခွေးလေခွေးလွင့်များကို သုတ်သင်ရှင်းလင်းခဲ့တဲ့အခါ ၂၀၁၃-၂၀၁၄ မှာ ခွေးလေခွေးလွင့်ကောင်ရေ (၁၁၈၀)ကောင် သုတ်သင် ရှင်းလင်းနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလက မေလအတွင်းမှာ ခွေးလေခွေးလွင့်အကောင်ရေ (၂၀၀) ကို ရှင်းလင်း သုတ်သင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စည်းကမ်းမဲ့လွှတ်ကျောင်းတဲ့ တိရစ္ဆာန်များကို ဖမ်းဆီး ထိန်းသိမ်းအရေးယူရန် လေလွင့်တိရစ္ဆာန် ထိန်းသိမ်းရေး အဖွဲ့တစ်ဖွဲ့ကို နေ့အထူးလှည့်ကား၊ ညလုပ်ငန်း စစ်ဆေးရေးယာဉ်များ တွဲဖက်ပြီးတော့ ရှာဖွေထိန်းသိမ်းဆောင်ရွက်တဲ့အခါမှာ မြင်း (၈) ကောင် ၊ ကျွဲ၊ နွား၊ ဆိတ် (၇၂) ကောင် ဖမ်းဆီးနိုင်ခဲ့ပြီး တရားစွဲဆိုဒဏ်ရိုက်ခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဒဏ်ရိုက်ငွေ (၁၀၂၀၀၀၀) ရရှိခဲ့ပါတယ်။ ယခုနှစ် ၂၀၁၄-၂၀၁၅ မေလကုန်အထိ စည်းကမ်းမဲ့ တိရစ္ဆာန်ဖမ်းဆီးရမှုမှာ နွားကောင်ရေ (၃) ကောင်ဖြစ်ပြီး ဒဏ်ကြေးငွေ (၃၅၀၀၀)ကျပ်အား ကြီးကြပ်အရေးယူ ကောက်ခံ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးတင်ရှန် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားပြန်လည် ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မြိတ်မြို့ကို ဖြတ်သန်းစီးဆင်းနေတဲ့ ပေ (၁၁၀၀၀) ခန့်ရှည်တဲ့ ဘုရားကိုင် ချောင်းမှ မြေထိန်းကျောက်စီနံရံ ပြုလုပ်ရန်ကျန်ရှိနေတဲ့ ပေ (၇၈၀၀) ခန့်ရှိ ချောင်းအပိုင်းကို မြေထိန်း

ကျောက်စီနံရံ ပြုလုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိမေးခွန်းနဲ့ ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး ၊ မြိတ်မြို့နယ်မှာရှိတဲ့ ဘုရားကိုင်ချောင်းဟာ မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်နဲ့ ကျေးရွာ (၂) ရွာတို့ ဖြတ်သန်းပြီးတော့ တနင်္သာရီ မြစ်ဝကိုစီးဆင်းတဲ့ချောင်းဖြစ်ပြီးတော့ အရှည်ပေ (၁၁၀၀၀) ရှိတဲ့ မြို့ရဲ့ အဓိက ပင်မရေမြောင်းကြီး ဖြစ်ပါတယ်။

ဘုရားကိုင်ချောင်းဟာ မူလက လှေသမ္မန်များ ဝင်ရောက် လာနိုင်သော်လည်းပဲ ယခု အချိန်မှာ ချောင်းနံရံဘေး မြေသားများပြိုကျလာခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကျူးကျော် အိမ်ရာများ ဆောက်လုပ်ခြင်းတို့ကြောင့် ချောင်းကျဉ်းလာပြီးတော့ တချို့နေရာမှာ တိမ်ကောလာခြင်းများ ဖြစ်ပေါ်နေပါတယ်။ မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘုရားကိုင်ချောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် နှစ်စဉ် အဖွဲ့ရန်ပုံငွေနဲ့ တူးဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ် သိန်း (၆၀) နဲ့ အလျား (၄၀၀၀) ပေ ၊ အကျယ် (၃၀) ပေနဲ့ အနက် (၅) ပေ တူးဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဘုရားကိုင် ချောင်းအလျား (၁၁၀၀၀)ပေရှိတဲ့အနက် (၃၂၀၀)ပေဟာ လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်က မြို့ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ပြည်သူထည့်ဝင်ငွေ ပူးပေါင်းပြီး ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိခဲ့ပြီးတော့ အလျား (၇၈၀၀)ပေ ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ ၎င်းအပိုင်းကို ကျောက်ကြီးစီ မြေထိန်းနံရံ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျပ် သန်း (၈၀၀)ခန့် ကုန်ကျမှာ ဖြစ်တဲ့အတွက်ကြောင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ နှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံစေပြီး ရရှိတဲ့ ရန်ပုံငွေအပေါ် မူတည်ပြီးတော့ ကျောက်ကြီးစီမြေထိန်းနံရံအား အပိုင်းလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ခေတ္တ (၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးစောမော်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြု အပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားပညာရေးဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၃၀၂<br>ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

၁။ ပြည်သူ့လွှတ်တော်က အမျိုးသားပညာရေးဥပဒေကြမ်းကို ၂၀ - ၃ - ၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၂၀ - ၅ - ၂၀၁၄ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) အဖွဲ့မှ တာဝန်ရှိသူများနှင့်လည်းကောင်းတွေ့ဆုံပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ က ၁၁-၆-၂၀၁၄ ရက်နေ့ တွင် အစီရင်ခံတင်သွင်းခဲ့ပါသည်။

၂။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၈-၆-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပထမ အကြိမ်၊ ဒသမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခက်ထိန်နန်၊ ကချင် ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နှင့် ဒေါက်တာ ဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြု ဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာစိစစ်၍ အစီရင်ခံ တင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ အမျိုးသားပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦးနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် (၂-၇-၂၀၁၄)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည်-

(က) မူလဥပဒေကြမ်းတွင် ပါရှိသော တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့ ဆိုသည့်စကားရပ်များကို တိုင်းရင်းသားအားလုံး၏ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ နှင့် သမိုင်းအမွေအနှစ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသော အမျိုးသားပညာရေး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့များနှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ပညာရေးစနစ်ကို ဆိုသည်ဟု ပြင်ဆင်သင့်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် ပုဒ်မခွဲအသစ်တစ်ခုအဖြစ် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)တို့ကို သင်ယူသူများအား ၎င်းတို့၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ဘာသာရပ်နှင့် တက္ကသိုလ်၊ ကောလိပ်တို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်ဟု အစားထိုးသင့်ပြီး ပုဒ်မ ၄၊ ပုဒ်မခွဲ(ဈ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားချက်များအစား တိုင်းရင်းသားပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ပြည်ထောင်စုဝန်ကြီးများ ဆိုသည့်စကားရပ်၏နောက်တွင် ပညာရေးနှင့် သက်ဆိုင်သောရေးရာကော်မတီများမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပညာရှင်များဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆိုသည့်စကားရပ်၏ နောက်တွင် သက်ဆိုင်ရာပညာရေး ဥပဒေများနှင့်အညီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၀ တွင် ဖော်ပြထားသော သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဆိုသည့်စကားရပ်၏နောက်တွင် လွတ်လပ်စွာ ရပ်တည်သော

အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးဖြည့်စွက်သင့်ပြီး ပုဒ်မစဉ်ပြောင်းလဲသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၄၀၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော တိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေဆိုသည့်စကားရပ်ကို တိုင်းရင်းသား ယဉ်ကျေးမှု၊ စာပေနှင့်သမိုင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပြီး ပုဒ်မ ၄၄၊ ပုဒ်မခွဲ(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၄၁ တွင် ကျောင်း အင်္ဂါရပ်များနှင့် ပြည့်မီသည့် အခြေခံအဆောက်အအုံများ၊ ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင် ကောင်းများဖြစ်အောင် ဆောင်ရွက်စေရမည် ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ပြီး ပုဒ်မ ၃၇ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော ဆိုသည့်စကားရပ်၏နောက်တွင် နယ်မြေအေးချမ်းမှု မရှိသော ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ပြီး ပုဒ်မ ၄၀၊ ပုဒ်မ ခွဲ(ခ)အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့်ဥပဒေကြမ်းပုဒ်မ ၄၉ တွင် ဖော်ပြထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆိုသည့်စကားရပ်၏ နောက်တွင် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင် အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပြီး ပုဒ်မ ၄၆ အဖြစ် ပြောင်းလဲ အမှတ်စဉ် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၅၄၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှုလွယ်ကူ စေရန်ဆိုသည့် စကားရပ်၏နောက်ရှိ တတ်စွမ်းသမျှ ဆိုသည့်စကားရပ်ကို ပယ်ဖျက် သင့်ပြီး ပုဒ်မ ၅၁၊ ပုဒ်မခွဲ(င) အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ည) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၃ တွင် ဖော်ပြထားချက် များအစား မူကြိုပညာရေးတွင် အသက်သုံးနှစ်မှ ငါးနှစ်အထိ မူကြိုပညာရေးကို အကောင်အထည်ဖော်မည်ဟု အစားထိုး၍ ပုဒ်မ ၁၄ အဖြစ် ပြောင်းလဲအမှတ်စဉ် သင့်ပြီး ပုဒ်မ ၁၃ အဖြစ် သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ပြီး အရည်အသွေးပြည့်ဝသော မူကြိုပညာရေးကို အကောင်အထည်ဖော်ရန် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ

အချင်းချင်းညှိနှိုင်း အကောင်အထည်ဖော်ရမည်ဟူ၍ အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဋ) ထို့ပြင် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ ဤဥပဒေကြမ်းတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဃ)တို့ကိုလည်း ပြောင်းလဲ၍ အသစ်ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဌ) အထက်ဖော်ပြပါ ပြင်ဆင်ချက်များမှအပ ဖြစ်သော အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ၏ အကြံပြုချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုသင့်ပါကြောင်းကိုလည်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်း ကော်မတီ၏ ညှိနှိုင်းပြင်ဆင်ချက်များ ကို ပူးတွဲပါ ဇယားဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားပညာရေးဥပဒေကြမ်းကို ပညာရေး ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦး တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက်-

အမျိုးသားပညာရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်အပိုဒ် ၂(ဂ)(ဆ)(ဇ)(ဈ)(ည) (ဋ)(ဍ) (ပ)(ဏ)(တ)(ဒ)(န)(ဖ)(ဗ)(ဘ)(မ)(ရ)(သ)(ဟ)(ဠ)(အ)(ခခ)(ဂဂ)(ဃဃ)

၂။ (ဂ) ကော်မရှင်ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေး ကော်မရှင်ကို ဆိုသည်။

(ဆ) အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား မြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအား အရင်းအမြစ် များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ်ကို ဆိုသည်။

(ဇ) သင်ယူသူဆိုသည်မှာ မိမိ၏အရည်အချင်း တိုးတက်စေရန် ပညာရေးလမ်းကြောင်း အလိုက် ပညာရေးအဆင့်အတန်းတွင် ရရှိနိုင်သည့် ပညာသင်ကြားမှု နည်းစနစ် များနှင့်အညီ ရှာဖွေခံယူလေ့လာသင်ယူသူကို ဆိုသည်။

(ဈ) ဆရာဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန် ထမ်းဆောင် သော သတ်မှတ်အရည်အချင်းပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည် ဟု ပြင်ဆင်ထား ပါတယ်။

(ည) ပညာရေးဆိုသည်မှာ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကိုဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

(ဋ) ကျောင်းပြင်ပပညာရေးဆိုသည်မှာ သင်ယူသူတို့၏ လိုအပ်ချက်အရ သင်ရိုး ညွှန်းတမ်းများကိုအခြေခံ၍ ကျောင်းစနစ်ပြင်ပတွင် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်း များဖြင့် စနစ်တကျ ဆောင်ရွက်ပေးသော ပညာရေးကိုဆိုသည်ဟု ပြင်ဆင်ထား ပါတယ်။

(ဍ) ရပ်ရွာပညာပဒေသာဌာန ဆိုသည်မှာ ကျောင်းသင်ရိုးသင်ပညာရေးဖြင့် ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ၊ ဒေသခံပြည်သူများ ကိုယ်တိုင်စီမံ အုပ်ချုပ် ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စု အခြေပြု

သင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက် အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန် ဌာနအဖြစ် လည်းကောင်း၊ တာဝန်ယူ အကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာန တစ်ခုကို ဆိုသည်။

( ပ ) တန်းညှိပညာရေး အစီအစဉ် ဆိုသည်မှာ ကျောင်းပြင်ပ ပညာရေး အစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေး အဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဏ) လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေး တစ်ခုခု တွင် ပညာဆည်းပူးခွင့် ရရှိစေရန် ခွဲခြားဆက်ဆံမှုမရှိဘဲ အခွင့်အလမ်းဖန်းတီးပေးသည့် အစီအစဉ်ကို ဆိုသည်။

(တ) ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းဆိုသည်မှာ ဆရာများ၊ ကျောင်းသားများနှင့် စီမံခန့်ခွဲပေးနေသူများအား ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကောင်းစွာ အထောက်အပံ့ ပေးနိုင်ရန်အတွက် ဖန်တီးထားသည့် ရုပ်ပတ်ဝန်းကျင်ကို ဆိုသည်။

( ဒ ) ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်း ဆိုသည်မှာ သင်ယူသူများ သင်ယူမှု ဖြစ်ထွန်းစေရန် ဆရာများက ထိရောက်သော နည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ၊ ကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှု ဖြစ်စဉ်ကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

( န ) မူကြိုပညာရေး ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးနှင့် အခြေခံပညာ ဆက်လက် သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

( ဖ ) အခြေခံပညာရေးဆိုသည်မှာ နည်းပညာနှင့်သက်မွေးပညာရပ်ကိုဖြစ်စေ၊ အဆင့်မြင့် ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်ရေးအတွက် လိုအပ်သော ပညာအခြေခံကို ရရှိစေရန် သင်ကြားလေ့ကျင့် ပေးသည့် ပညာရေးကိုဆိုသည်။

( ဗ ) နည်းပညာနှင့် သက်မွေးပညာရေး ဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှု အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် သက်မွေးပညာရပ် ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးသည့် ပညာရေးကို ဆိုသည်။

(ဘ) အဆင့်မြင့်ပညာရေး ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်ကို အောင်မြင်ပြီးသူများကို အမျိုးသား ပညာရေး

ကော်မရှင်က အသိအမှတ် ပြုထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

( မ ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဆိုသည်မှာ ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့က ထူထောင်ဖွင့်လှစ် ထားသည့် အဆင့်မြင့်ပညာ ကျောင်းများမှ အပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ အားလုံးအတွက် အဆင့်မြင့် ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားပညာရေး ကော်မရှင်က ဖွဲ့စည်းထားသည့် ကော်မတီ ကိုဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

( ရ ) အဝေးသင်ပညာရေးဆိုသည်မှာ ပညာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှု အစီအစဉ်ဖြင့် ဆရာနှင့် သင်ယူသူတို့အကြား သင်ထောက်ကူ နည်းလမ်းများဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာနှင့် အခြားလူထုဆက်သွယ်ရေး မီဒီယာနည်းလမ်းများကို အသုံးပြု၍ သင်ကြားမှု၊ သင်ယူမှုများပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့် ပညာရေးကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

(သ) အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။

(ဟ) ပညာရေးအထူးဝန်ဆောင်မှု ဆိုသည်မှာ နယ်မြေ အေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

( ဠ ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မရှင်ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေး အမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေး အာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(အ) အရည်အသွေးအာမခံမှု ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေး အဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက် ပေးခြင်းကို ဆိုသည်။

(ခခ) ကျောင်းဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံ ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့အတွက် သင်ကြားပေးသည့်နေရာဌာနကို ဆိုသည်။

(ဂဂ) မိဘဆရာအသင်း ဆိုသည်မှာ သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး ကောင်းမွန်လာရေးကို ပိုမိုထိရောက် အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ အတူတကွ ပူးပေါင်းဖွဲ့စည်းထား သောအဖွဲ့ကို ဆိုသည်။

(ဃဃ) ကျောင်းအကျိုးဆောင်အဖွဲ့ ဆိုသည်မှာ မိဘဆရာ အသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှု ရှိသူ များ၊ ပညာသင်ယူသူများ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ဆရာများ ပါဝင်သည့်ကျောင်း ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထား သည့် အဖွဲ့အစည်းကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဦးဇုန်လှုယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပညာရေးဝန်ကြီးဌာနရဲ့ ဒီ အဓိပ္ပာယ် ဖွင့်ဆိုချက် (၂) ခုကို ပြန်ဖြည့်ပေးဖို့ ကျွန်တော်တင်ပြထားပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆိုတာနဲ့ ဒီ ဘာသာရေး အဖွဲ့အစည်းသင် ပညာရေးကျောင်းဆိုတာကို အဓိပ္ပာယ် ဖွင့်ဆိုချက်ထဲမှာ ပြန်ဖြည့်ဖို့ ကျွန်တော်တင်ပြထားပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊

**အချိန်၊ ၁၀း၃၉။**

**ဦးဇုန်လှုယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း အဲဒါနဲ့ ဘာသာရေး အဖွဲ့အစည်းသင် ပညာရေးကျောင်း(၂)ခု၊ နံပါတ်(၂)ခုအနေနဲ့၊ ဝန်ကြီးဌာနရဲ့ မူလက ဒီ ဥပဒေကြမ်းအတိုင်းပဲ၊

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ မဲခွဲပေးမယ်နော်။ ဦးဇုန်လှုယ်ထန်း တင်ပြတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဘာသာရေးအဖွဲ့အစည်းသင် ပညာရေးကျောင်း ထပ်ဖြည့်ရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ ဒီလိုဆန္ဒရယူတဲ့အခါမှာ စက်ခလုတ် အသုံးပြုပြီးတော့ ဆန္ဒမဲပေးတဲ့စနစ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို ထောက်ခံ(၃၄)၊ ကန့်ကွက်(၁၀၅)၊ ကြားနေ(၁၂)ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုအတိုင်း ဆောင်ရွက်ခြင်း မရှိဘဲနဲ့ ဥပဒေကြမ်း ပူးပေါင်းကော်မတီရဲ့ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ)(ဆ)(ဇ)(ဈ) (ည)(ဌ)(ဍ)(ပ)(ဏ)(တ)(ဒ)(န)(ဖ)(ဗ)(ဘ)(မ)(ရ)(သ)(ဟ)(ဠ) (အ)(ခခ)(ဂဂ)(ဃဃ)ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ) (ဆ)(ဇ)(ဈ)(ည)(ဌ)(ဍ)(ပ)(ဏ) (တ) (ဒ)(န) (ဖ)(ဗ)(ဘ)(မ)(ရ) (သ)(ဟ)(ဠ)(အ)(ခခ)(ဂဂ)(ဃဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၃(ဂ)(ဃ)(င)(ဇ)(ဈ)

၃။ ပညာရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်ဟု ပြင်ဆင်ထားပါတယ်။

(ဃ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများ ဖြစ်လာအောင် လေ့ကျင့် ပြုစုပျိုးထောင်ပေးရန်ဟု ဖြည့်စွက်ထားပါတယ်။

(င) ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ် များကို လေ့ကျင့် ပြုစုပျိုးထောင်ပေးရန်ဟု ပြင်ဆင်ထားပါတယ်။

(ဇ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ဈ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်စေရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ဂ)(ဃ)(င) (ဇ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ဂ)(ဃ)(င)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၄(က)(ခ)(ဂ)(ဈ)(ည)(ဋ)(ဎ)

၄။ ပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်း ပါဝင်ဆောင်ရွက်စေခြင်းဟု ပြင်ဆင်ထားပါတယ်။

(ခ) ကျောင်းနေအရွယ်လူငယ်များအားလုံး ပညာသင်ကြားနိုင်ခွင့်ရှိပြီး ၎င်းတို့၏ ကိုယ်ရည် ကိုယ်သွေးနှင့် စွမ်းဆောင်နိုင်မှုများကို တတ်နိုင်သမျှ ဖွံ့ဖြိုးတိုးတက်စေရန် အခြားသူများ၏ အခွင့်အရေးများ၊ တန်ဖိုးများနှင့် သဘာဝပတ်ဝန်းကျင်ကို လေးစား ရန် အားပေးသည့် ပညာသင်ကြားမှုကို ရပိုင်ခွင့်ရှိခြင်းဟု ဖြည့်စွက်ထားပါတယ်။

(ဂ) ကိုယ်ပိုင်ကျောင်းများကို သက်ဆိုင်ရာ ဥပဒေနှင့် အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊

(ဈ) သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်များ၏ သတ်မှတ် ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ် ကို ကျင့်သုံးခြင်း၊

(ည) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာစွက်ဖက်မှုများမှ ကင်းလွတ်စေခြင်း၊

(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် အသက်မွေးမှုပညာ ကျွမ်းကျင် သူများကို အဆင့်အလိုက် မွေးထုတ်ခြင်းဟု ပြင်ဆင်ထား ပါတယ်။

( ပ ) ပညာရေးဝန်ထမ်းများအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထား ဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည် ၍ ဗဟိုချုပ်ကိုင်မှု လျော့ချသည့်စနစ်ကို ကျင့်သုံးခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**အချိန်၊ ၁၁း၅၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အဲဒီမှာ ဒီ(ည)က ကျွန်တော် ပယ်ဖျက်ဖို့ ကျွန်တော်တင်ပြထားပါတယ်။ ကျွန်တော်တို့ နောင်မှာ တက္ကသိုလ်တွေမှာဆိုရင် ကျွန်တော်တို့ နိုင်ငံရေးတက္ကသိုလ် ဒီ Political Sience ဘာသာရပ်တွေ သင်ကြားလာတဲ့ အချိန်မှာ အစိုးရကို သူတို့က Academic အပိုင်းအနေနဲ့ ဝေဖန်တဲ့ ပညာရပ်တွေ ပေါ်ပေါက်လာတဲ့ အချိန်မှာ ဒီဟာတွေက မလိုအပ်တဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်လာနိုင်ပါတယ်။ ပြီးတော့ ဒါတွေကတော့ ဒီတက္ကသိုလ်မှာ ကျောင်းသား တွေကို နိုင်ငံရေးလုပ်ရှားမှုမှာ မပါဝင်အောင်ပေါ့၊ ဒါ နည်းဥပဒေနဲ့ ရေးရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ (ည)ကို ဥပဒေမှာ မထည့်သွင်းသင့်ဘူးလို့ တင်ပြထားပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ မဲခွဲပေးမယ်နော်။ ဦးဇုန်လှယ်ထန်းအဆိုနဲ့ပတ်သက်ပြီး စက်ခလုတ် အသုံးပြု ပြီးတော့ မဲခွဲပေးမှာ ဖြစ်ပါတယ်။

မဲဆန္ဒပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဦးဇုန်လှယ်ထန်း ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံ(၁၃)မဲ၊ ကန့်ကွက်(၁၂၉)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ဒါကြောင့် မူလအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(ခ)(ဂ)(ဈ) (ည)(ဋ)(ပ)ပြင်ဆင်ဖြည့်စွက် ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က) (ခ)(ဂ)(ဈ)(ည)(ဋ)(ပ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၄)၊ အခန်းခေါင်းစဉ်၊

အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆(က)(ခ)(ဂ)(င)(စ)(ဆ)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀

အခန်း(၄)

အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ရေးရာကော်မတီများမှ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြား သင့်လျော်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေး ကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း၊

(ခ) အမျိုးသားပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပညာရေးဥပဒေများနှင့်အညီ လိုအပ်သော ကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်မှုများပြုခြင်း၊

(င) ပညာရေးကဏ္ဍအတွက်အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့ များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲ ခြင်းအတွက် မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊သိပ္ပံများ၊ ကျောင်းများ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခြင်း၊ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက် စေဘဲ ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ပိတ်သိမ်းခွင့်ပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

၇။ ကော်မရှင်သည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကျောင်းများ၏ စီမံခန့်ခွဲမှုများကို အသေးစိတ် ဝင်ရောက်လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ မပြုဘဲမူဝါဒ ပိုင်းဆိုင်ရာကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရမည် ဟု ဖြည့်စွက်ထားပါတယ်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့် ရှိသည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရ မည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆(က)(ခ)(ဂ)(င)(စ)(ဆ)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆(က)(ခ)(ဂ) (င)(စ)(ဆ)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(ခ)၊ အပိုဒ် ၃၅

၁၁။ နိုင်ငံတော်သည် အောက်ပါပညာရယူနည်းများကို ကျင့်သုံး၍ ယင်းတို့ကိုတစ်ခုနှင့်တစ်ခု ဆက်စပ် အကောင်အထည် ဖော်သော ပညာရေးစနစ်ကို ကျင့်သုံးရမည်-

(က) ကျောင်းပညာရေး၊

( ခ ) ကျောင်းပြင်ပ ပညာရေး၊

( ဂ ) ကိုယ်တိုင် သင်ယူပညာရေး။

၁၂။ ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးကို “ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ” နှင့်အညီ မိဘ၊ ရပ်ရွာနှင့်သင့်လျော်သောဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၁၃။ သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ပြီး အရည်အသွေးပြည့်ဝသော မူကြိုပညာရေးကို အကောင်အထည်ဖော်ရန် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး ကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းအကောင်အထည်ဖော်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၁၄။ မူကြိုပညာရေးတွင် အသက် သုံးနှစ်မှ ငါးနှစ်အထိ မူကြိုပညာရေးကို အကောင်အထည်ဖော်မည်။

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာ မူလတန်းအဆင့် သင်ရိုးသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည် ဟု ပြင်ဆင် ထားပါတယ်။

၁၇။ ( ခ ) သူငယ်တန်းပညာရေးကို မူလတန်းအဆင့် ပညာရေး ၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည် ဟု ဖြည့်စွက်ထားပါတယ်။

( ဂ ) ပုဒ်မခွဲ(က)ပါ ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ရိုးညွှန်းတမ်းများနှင့် အညီ တတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်မည်။

၁၈။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရမည်။

၁၉။ (က) အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများသည် သူငယ်တန်းပညာရေးကို စတင်သင်ယူရမည်။

( ခ ) အသက်ခြောက်နှစ်ပြည့်ပြီးသည့် ကလေးများသည် မူလတန်းအဆင့်ပညာရေးကို စတင် သင်ယူရမည် ဟု ပြင်ဆင်ထာပါတယ်။

၂၀။ အခြေခံပညာကဏ္ဍတွင် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားသင်ယူမှု ဖြစ်စဥ်ကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင် ရွက်ရမည်။

၂၁။ (က) ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားသည် အခြေခံပညာအဆင့် တွင် သင်ကြားသင်ယူမှု ဘာသာစကားဖြစ်ရမည်။ လိုအပ်ပါက ကလေးများ၏ မိခင်ဘာသာစကားဖြင့် ရှင်းလင်းသင်ကြားနာ ယူခွင့်ပြုသည်။

( ခ ) အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်ဟု ဖြည့်စွက်ထားပါတယ်။

၂၂။ ဝန်ကြီးဌာန နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -

(က) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့အတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( ခ ) ဆရာအတတ်ပညာနှင့် သက်ဆိုင်သော ကျောင်းဝင်ခွင့်၊ သင်ရိုးညွှန်းတမ်းနှင့် သင်တန်းကာလများကို သက်ဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်း ရမည်။

( ဂ ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး တို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမည်။

၂၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၃ ပါ ပညာရေး အဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ် အမျိုးအစားတို့ကို သက်ဆိုင်ရာ သင်တန်းပေါ်မူတည်၍ သတ်မှတ်ရမည်။

၂၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် နိုင်ငံသားများ၏ နည်းပညာနှင့် သက်မွေးပညာ ရပ်များ သင်ယူနိုင်မှု အခွင့်အလမ်းများ ကျယ်ပြန့်စွာ ရရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်မည်။

၂၉။ အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက် နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာ ရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီကို ကော်မရှင်က ဖွဲ့စည်းပေးရမည်။

၃၀။ အဆင့်မြင့်ပညာသင်ကြားလေ့ကျင့်ပေးရာ ဌာနများသည် -

( ခ ) သင်ယူသူများအား ၎င်းတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် တက္ကသိုလ်၊ ကောလိပ်တို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ် ဆောင်ရွက်ရမည်။

၃၅။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေး မြင့်မားစေရေးအတွက် ကိုယ်တိုင် သင်ယူပညာရေး အပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌ၊ ကျွန်တော် ပုဒ်မ ၁၇ ကို ကျွန်တော်တို့ ဒီ ဒီပလိုမာနဲ့ အခြား သက်မွေးဝမ်းကျောင်းပညာရေး သွားဖို့အတွက် ဒီ (၁၂)နှစ် အရင်သင်ရမယ်ဆိုတာက မှားလွန်းပါတယ်။ အဲဒါကြောင့် အဲဒီ့မတိုင်ခင်မှာ Metrication နဲ့ လုံလောက်ပါတယ်။ ဒါကြောင့် ဒီ (၁၂)နှစ်ဆိုတာက တက္ကသိုလ် ပညာသင်မယ့်သူများအတွက်သာ ဖြစ်သင့်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြင်ဆင်ဖို့တင်ပြထားပါတယ်။ ကျွန်တော်ပြင်ဆင်ဖို့ တင်ပြတဲ့ ပုံစံကတော့ အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်(၃)ဆင့်ခွဲခြားထားပြီး သူငယ်တန်းပညာရေး ပြီးသည့်နောက် တက္ကသိုလ်ပညာ သင်ယူမည့်သူများအတွက် ပညာသင်နှစ် စုစုပေါင်းကာလမှာ (၁၂)နှစ်ကို ဦးတည်ဆောင်ရွက်ရန်ဖြစ်သည် ဆိုပြီးတော့ ကျွန်တော် ပြင်ဆင်ထားပါတယ်။ ဘာကြောင့် လဲဆို ဒီဟာ မလိုလားအပ်ဘဲနဲ့ ဒီ (၁၂)နှစ် အားလုံးသင်ရမယ်ဆိုတာ ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ ဒါ ဖြည့်စွက်ချက်ပေါ့နော်။

**အချိန်၊ ၁၁း၅၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့၊

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ ဒါ ပြင်ဆင်ချက် မဟုတ်ဘူး။ ဖြည့်စွက်ချက်၊ ဖြည့်စွက်ချက်ကလေး ပြန်ပြော ပါဦး။

**အချိန်၊ ၁၂း၀၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒီ အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် ခွဲခြားထားပြီး၊ သူငယ်တန်းပညာရေးပြီးသည့်နောက် အဲဒီကနေ ထပ်ဖြည့်စွက်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အခြေခံပညာရေးကို အောက်ပါအတိုင်း

**အချိန်၊ ၁၂း၀၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အဆင့်(၃)ဆင့် ခွဲခြားထားပြီး၊ သူငယ်တန်းပညာရေးပြီးသည့်နောက်၊ ဒီအထဲကတော့ နဂိုအတိုင်းပါပဲ။

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ ဒါ (၁၇)ဘယ်လောက်လဲ။ ၁၇(က)လား၊ ၁၇ ဘယ်လောက်လဲ။ အခုဟာက ၁၇(က)မပါဘူး။

**အချိန်၊ ၁၂း၀၃။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော် ၁၆ ပြီး၊ ၁၇။ ၁၇ မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုထားသည့် ပုဒ်မ ၁၆ ကို ၁၇ အဖြစ်ပြောင်းလဲအမှတ်စဥ်ပါသည်ဟု ရေးထားပါတယ်။ စာမျက်နှာ (၁၂)မှာ။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ ၁၇(က)လား။ အော် ဟုတ်ပြီ၊ ၁၇(က)။ အဆင့်(၃)ဆင့် ခွဲခြားထားပြီး၊

**အချိန်၊ ၁၂း၀၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။သူငယ်တန်းပညာရေး ပြီးသည့်နောက် တက္ကသိုလ်ပညာသင်ယူမည့်သူများအတွက်လို့ ထပ်ဖြည့်ထားပါတယ်။ ပညာသင်နှစ် စုစုပေါင်း ကာလမှာ (၁၂)နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန် ဖြစ်သည်လို့ ဆိုပြီးတော့ ကျွန်တော် ဖြည့်စွက်ထားပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ၁၇ မှာ၊ အော်ဟုတ်ပြီ။ ဦးဇုန်လှယ်ထန်းက အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်(၃)ဆင့်ခွဲခြားထားပြီး၊ သူငယ်တန်းပညာရေးပြီးသည့်နောက် တက္ကသိုလ်ပညာသင်ယူမည့် သူများအတွက် ပြီးတော့ကော။

**အချိန်၊ ၁၂း၁၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပညာသင်နှစ် စုစုပေါင်း ကာလမှာ (၁၂)နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဆက်ပြီးတော့ ကျွန်တော် ဒီအတိုင်းပဲ ဆက်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ အော် တက္ကသိုလ်ပညာသင်ယူမည့် သူများအတွက်ဆိုတာလေးပဲ ထပ်ဖြည့်တာပေါ့။ ဟုတ်တယ်နော် ။ ကောင်းပြီ။

**အချိန်၊ ၁၂း၁၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်။ ဆီလျော်ပါတယ်။ ဒါပေမဲ့ အများဆန္ဒခံယူပေးမယ်နော်။ အမျိုးသားလွှတ်တော်ကိုယ်စားများ ခင်ဗျား။ ၁၆ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုထားတဲ့ ဥပဒေကြမ်း ၁၆(က) ဖြစ်ပါတယ်။ ၁၆ (က)ကို အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်ရဲ့အတိုင်း၊ ဟုတ်တယ်နော်။ ပြည်သူ့လွှတ်တော်ရဲ့အတိုင်းပဲ ဥပဒေကြမ်းကော်မတီကနေပြီးတော့ သဘောတူထားတာ ဖြစ်ပါတယ်။ ဦးဇုန်လှယ်ထန်း က ၁၆(က) အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်(၃)ဆင့်ခွဲခြား

ထားပြီး၊ သူငယ်တန်းပညာရေး ပြီးသည့်နောက်ဆိုတာ၊ ဒါ မူလအတိုင်းပါပဲ။ အဲဒီကြားထဲမှာ တက္ကသိုလ်ပညာသင်ယူမည့်သူများအတွက်ဆိုတဲ့ စာသားလေးဖြည့်တာဖြစ်ပါတယ်။

ပညာသင်နှစ်စုစုပေါင်းကာလမှာ (၁၂)နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်သည်။ အားလုံးကြားရပါတယ်နော်၊ ပြန်ဖတ်ပြပါ့မယ်။ အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် ခွဲခြားထားပြီး သူငယ်တန်းပညာရေးပြီးသည့်နောက် တက္ကသိုလ်ပညာသင်ယူမည့် သူများအတွက် ဒါ ထပ်ဖြည့်တဲ့ ပညာသင်နှစ်စုစုပေါင်းကာလမှာ (၁၂)ကို ဦးတည်၍ ဆောင်ရွက်ရန် ဖြစ်သည်။ ဒီ အတွက် အများဆန္ဒခံယူပေးပါ့မယ်။ အဲဒီတော့ အများဆန္ဒကို စက်ခလုတ် အသုံးပြုပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဦးဇုန်လှယ်ထန်း ရဲ့ ဖြည့်စွက်ချက်နဲ့ ပတ်သက်ပြီးတော့ ထောက်ခံ(၂၃)၊ ကန့်ကွက်(၁၁၉)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(ခ)၊ အပိုဒ် ၃၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(ခ)၊ အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(ခ)

၃၇။ အခြေခံပညာကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့်သက်မွေးပညာကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေ၊ သက်ဆိုင်သည့် တည်ဆဲပညာရေး ဥပဒေတို့နှင့် ကိုက်ညီမှုရှိစေရမည်။ ကျောင်းအင်္ဂါရပ်များနှင့် ပြည့်မီသည့် အခြေခံအဆောက်အအုံများ၊ ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင် ကောင်းများဖြစ်အောင် ဆောင်ရွက်စေရမည်။

၃၈။ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ တရားဝင်ကျောင်း တည်ထောင်ခွင့် ရထားသောကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်း လက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့ ၊ ဒီဂရီ ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေး အဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

၄၀။ (ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှု မရှိသော လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီ ကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့်ပညာရေး အထူးဝန်ဆောင်မှုကိုစီစဉ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၂း၂၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကွန်တော် ၃၆(ည)မှာ ဒီ ဘာသာရေး အဖွဲ့အစည်းသင်ပညာရေးကျောင်းဆိုတာ ဖြည့်စွက်ဖို့ တင်ပြထားပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ ပြောပါ၊ ဖြည့်စွက်ချက်ကို ပြောပါ။

**အချိန်၊ ၁၂း၂၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့၊ (ည)မှာ ဘာသာရေး အဖွဲ့အစည်းသင်ပညာရေးကျောင်းဆိုတာကို ကျောင်းအမျိုးအစားတစ်ခုမှာ ဖြည့်စွက်ဖို့ တင်ပြထားပါတယ်။

**အချိန်၊ ၁၂း၂၁။**

**ဥက္ကဋ္ဌ။** ။ အများဆန္ဒခံယူပေးမယ်နော်။ အဲဒီတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုတဲ့ ပုဒ်မ ၃၉ ကျောင်းအမျိုးအစားများကို အောက်ပါအတိုင်းသတ်မှတ်သည်။ (က) အစိုးရကျောင်း၊ (ခ) အစိုးရ အထောက်အပံ့ခံကျောင်း၊ (ဂ) ဒေသန္တရ အဖွဲ့အစည်းပိုင်ကျောင်းများ၊ (ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကျောင်းများ၊ (င) ဘုန်းတော်ကြီးသင်ကျောင်းများ၊ (စ)ပဟာရိတကျောင်းများ၊ (ဆ) အထူးပညာရေး အစီအစဉ်ကျောင်းများ၊ (ဇ) ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများ၊ (ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်းများ

အပြင်ကို ဦးဇုန်လှယ်ထန်း က (ည)အဖြစ် ဘာသာရေးအဖွဲ့အစည်းသင် ပညာရေးကျောင်းဆိုပြီးတော့ ဖြည့်စွက်လိုပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အများဆန္ဒကို စက်ခလုတ် အသုံးပြုပြီးတော့ ခံယူမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ဦးဇုန်လှယ်ထန်း ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံ(၁၅)မဲ၊ ကန့်ကွက်(၁၂၉)မဲ၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ နောက်အပိုဒ်မတက်သေးဘူးလေ၊ ရှေ့အပိုဒ်က ပြီးသွားပြီ။ ဘာပြောချင်လဲ။

**အချိန်၊ ၁၂း၂၂။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ကျွန်တော် ခုန ကတည်းက အပိုဒ် (၁၆) ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်။ ဥက္ကဋ္ဌကြီး မကြားလို့ပါ။ အပိုဒ်(၁၆)ပေါ့နော်၊ အခြေခံပညာကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် ခွဲခြားသည် ဆိုတဲ့ အပိုဒ်မှာပါ။ အဲဒီမှာ ကျွန်တော်နားလည်တာတော့ ပြည်သူ့လွှတ်တော်က အခြေခံပညာကို (၆)နှစ် မှာပဲ တင်ရမှာပါ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က (၅)နှစ်မှစပြီး သင်ခိုင်းတယ်။ (၅)နှစ်ကို သူငယ်တန်းပြုစုပြီး ထည့်တယ်။ ကျွန်တော်က နိုင်ငံတကာမှာကျလို့ရှိရင်တော့ ကလေးတွေက (၆)နှစ်၊ အခြေခံပညာ (၁၂) နှစ်၊ (၁၈)နှစ်မှာကျမှ တက္ကသိုလ်ဝင်တန်းကို တက်ရမှာပါ။ အခု ကျွန်တော်တို့ အမျိုးသားလွှတ်တော်က (၅)နှစ်ကနေစပြီး ကလေးကို သင်ခိုင်းတယ်။ ပြီးတော့လည်း စာမေးပွဲစနစ် ဖြစ်တဲ့ အခြေခံစနစ် သတ်မှတ်တယ်ဆိုတာ ကလေးတွေအတွက် Over look ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ အမျိုးသားလွှတ်တော်က သူငယ်တန်းကို (၅)နှစ်နဲ့ ထည့်ရင်ထည့်၊ ဒါပေမဲ့ သူငယ်တန်းကို ကလေးကို သင်ကိုသင်ရမယ်ပေါ့၊ စာမေးပွဲစနစ်နဲ့ ကျောင်းခေါ်ချိန်စနစ်မရှိတဲ့ ရိုးရိုး ကျောင်းပျော်စနစ်လောက်ပဲ ကျွန်တော်တို့က ပေးသင့်ပါတယ်။ အဲဒီတော့ မိဘတွေကဆိုရင် သူငယ်တန်းကလေးအရွယ် (၅)နှစ်သားလေးကို ကျောင်းမှာ ပို့ချင်တဲ့အချိန်ပို့မယ်။ သူမတက်ချင်တဲ့ အချိန် ကျောင်းကိုမလာဘူး။ ကျောင်းပျော်စနစ်နဲ့ စာမေးပွဲမရှိတဲ့ စနစ်လောက်ပဲ ထားလိုက်ပြီးပါ။ ဒါကြောင့် ကျွန်တော် ပြင်ချင်တာက သူငယ်တန်းပညာရေးစနစ်ကို သူငယ်တန်းပညာရေးကို မူလတန်း အဆင့်၏ ကျောင်းခေါ်ချိန်နဲ့ စာမေးပွဲစနစ်မရှိသော စနစ်အဖြစ် သတ်မှတ်သည်လို့ ပြဋ္ဌာန်းစေချင်

ပါတယ်။ ဒါဆိုလို့ရှိရင် သူငယ်တန်းကလေးက စာမေးပွဲဖြေစရာ မလိုတော့ဘူး။ ကျောင်းကို အပျော်သဘောလောက်ပဲ သွားရတော့မှာပါ။

ဒါကြောင့် ၁၉(က)မှာကျတော့ အသက်(၅)နှစ်ပြည့်ပြီးသော ကလေးသူငယ်များသည် သူငယ်တန်းပညာရေးကို စတင်သင်ယူရမည့်အစား သင်ယူနိုင်သည်ပဲ ဖြစ်သင့်ပါတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ (၅)နှစ်ကလေးတစ်ယောက်ကို ကျွန်တော်က ကျောင်းပျော်အဆင့်ပဲ ရှိစေချင်တဲ့ သဘောပါ။ အဲဒါကြောင့် ပြည်သူ့လွှတ်တော်က (၅)နှစ်အရွယ်ကလေးကို အိမ်မှာပဲ နေစေချင်တဲ့ အတွက် ကျောင်းကိုမခေါ်သေးတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က (၅)နှစ်ကို ကျောင်းကိုလွှတ်ချင်နေပြီ၊ အဲဒီတော့ ပြည်သူ့လွှတ်တော်ဘက်က သဘောမျိုးပြောသလိုမျိုးလည်း ဖြစ်အောင်လို့ ကလေးကိုလည်း Over look မဖြစ်အောင် စာမေးပွဲစနစ်နဲ့ ကျောင်းခေါ်ချိန်စနစ် မရှိသော ကျောင်းပျော်စနစ်နဲ့သာ (၅)နှစ်ကလေးကို ပို့သင့်ပါတယ်။ ဒါမှနိုင်ငံတကာလို (၆)နှစ်ကျမှ တစ်နှစ် တစ်တန်းဖြေပြီးတော့မှ (၁၈)နှစ်ကျမှ အရွယ်ရောက်မယ့်စနစ်ပါ။ ဒါကြောင့် သူငယ်တန်း ပညာရေးစနစ်ကို အမျိုးသားလွှတ်တော်က ထည့်မယ်ဆို၊ (၅)နှစ်နဲ့ ထည့်မယ်ဆိုရင်လည်း ကျောင်းပျော်စနစ်နဲ့သာ ထည့်သင့်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော်တင်ပြပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ပြီးသား ပြင်လိုမရဘူး။ ဥက္ကဋ္ဌကြီး ကြားအောင်အော်မှပေါ့၊ မကြားရဘူး။ အသက်ကြီးလို့လားမသိဘူး။ မကြားဘူး။ ကြားချင်တဲ့အခါ လည်း ကြားတယ်။ မကြားချင်တဲ့အခါလည်းမကြားဘူး။ ကဲ ဆက်သွားမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄၁(ဂ)(ဃ)(ဆ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃(က)(ခ)၊

အပိုဒ် ၄၄(ခ)၊ အပိုဒ် ၄၆

၄၁။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် -

(ဂ) ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ မတူကွဲပြား ခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို မြတ်နိုးခြင်း၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဒီမိုကရေစီ အလေ့အကျင့်တို့ကို တန်ဖိုးထားမှုတို့နှင့် ပြည့်စုံသော နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်း အမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(ဆ) အပိုဒ် (စ)ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသ အလိုက်သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို ဒေသလိုအပ်ချက် နှင့် ကိုက်ညီစေရန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိရေး၊

၄၂။ ကျောင်းများသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်အပေါ်အခြေခံ၍ ကျောင်းတိုင်း၏ သင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တိုးတက်ပြောင်းလဲပေးရန်၊ စမ်းသပ်အကောင်အထည်ဖော်ခြင်း၊ ဖြစ်ပေါ်လာသည့် ရလဒ်အပေါ် သုံးသပ်အကြံပြုခြင်း ဆောင်ရွက်ရန် အခွင့်အရေးများ ရှိစေ ရမည်။

၄၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် -

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

( ခ ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြား သင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေး အစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။

၄၄။ (ခ) တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အနုပညာများ ဖွံ့ဖြိုးရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားရေး၊ တက္ကသိုလ်များတွင် တိုင်းရင်းသား ယဉ်ကျေးမှု၊ စာပေနှင့် သမိုင်းအထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးအတွက် ကူညီဆောင်ရွက်ရမည်။

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၂း၃၃။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့ ကျွန်တော် ပုဒ်မ ၄၆ မှာ ဖြည့်စွက်ဖို့တင်ပြထားပါတယ်။ ဒါကတော့ ဘယ်လိုလည်းဆိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုနှင့် အခြားသော ဘာသာရပ်များသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်လို့ ကျွန်တော် ဖြည့်စွက်ဖို့ တင်ပြထားပါတယ်။

**အချိန်၊ ၁၂း၃၄။**

**ဥက္ကဋ္ဌ။** ။ ပြန်ပြောပါ။ အခြားသော၊

**အချိန်၊ ၁၂း၃၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အခြားသော ဘာသာရပ်များ သင်ယူမှုကို ဆိုတာလေးနဲ့ အခြားသောဘာသာရပ်များ သင်ယူမှုဆိုတာလေးကို ဖြည့်စွက်ဖို့ တင်ပြထားပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၆ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှု ဒီနေရာမှာ ဦးဇုန်လှယ်ထန်း က ထပ်ဖြည့်တဲ့အဆို နှင့် အခြားသော ဘာသာရပ်များသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်လို့ ဖြည့်စွက်ချင်ပါတယ်။ ဖြည့်စွက်တဲ့ စကားလုံးက နှင့် အခြားသောသာသာရပ်များ သင်ယူမှု၊ အားလုံးရလား၊ ရတယ်ဆိုရင် အများဆန္ဒ ခံယူပေးပါ့မယ်။ အများဆန္ဒခံယူဖို့အတွက် စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်ပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ၊

ဦးဇုန်လှယ်ထန်း ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံ(၁၂)မဲ၊ ကန့်ကွက်(၁၃၃)နဲ့ ကြားနေ(၅)မဲ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အားမလျှော့ပါနဲ့ ပြည်ထောင်စုလွှတ်တော်ရှိပါသေးတယ်။ ဒီမှာ မဲဆန္ဒခွဲလို့ ဘယ်လိုပဲဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်မှာတော့ အကုန်လုံး လွှတ်တော်နှစ်ရပ်က လွှတ်တော်ကိုယ်စားလှယ်အားလုံး ဝိုင်းပြီးတော့ စဉ်းစားတဲ့အခါကျတော့ အဖြေက တစ်မျိုးဖြစ်ချင်လည်း ဖြစ်မှာပါ။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၁(ဂ)(ဃ)(ဆ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃(က)(ခ)၊ အပိုဒ် ၄၄(ခ)၊ အပိုဒ် ၄၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၁(ဂ) (ဃ) (ဆ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃(က)(ခ)၊ အပိုဒ် ၄၄(ခ)၊ အပိုဒ် ၄၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁(ခ)(င)(ဇ)

၄၈။ မိဘ သို့မဟုတ် အုပ်ထိန်းသူ သည် ဤဥပဒေနှင့်သက်ဆိုင်ရာ ပညာရေး ဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိ၏ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၄၉။ မိဘ သို့မဟုတ် အုပ်ထိန်းသူ သည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှု အခွင့်အလမ်း ရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၅၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ အခမဲ့ပညာရေး ပြီးမြောက်သည် အထိ ဝိုင်းဝန်းကူညီပေးရမည်။

၅၁။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် -

( ခ ) ကလေးတိုင်း သတ်မှတ်ထားသော မသင်မနေရအခမဲ့ ပညာရေးအဆင့် ပြီးမြောက် စေရန် ဖော်ဆောင်ပေးရမည်၊

( င ) ဒေသခံမဟုတ်သော ဆရာများနှင့် ပညာရေး စီမံခန့်ခွဲသူများအတွက် နေထိုင် သွားလာမှု လွယ်ကူစေရန် စီမံဆောင်ရွက်ရမည်၊

( ဇ ) ပညာရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁(ခ)(င)(ဇ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁(ခ)(င)(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၂ နှင့် အပိုဒ် ၅၃ တို့တွင် သင်ကြားပို့ချသူ ဆိုသည့် စကားရပ်တွင် ဆရာ ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၂ နှင့် အပိုဒ် ၅၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၂ နှင့် အပိုဒ် ၅၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇

၅၄။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေး မြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။

၅၅။ ဝန်ကြီးဌာနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဆရာများ ၏ တာဝန်နှင့် အခွင့်အရေး များကို သတ်မှတ်ပေးရမည်။

၅၆။ ပညာရေး အဆင့်တိုင်းတွင် ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေး အကဲဖြတ်မည့် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။ ကျောင်းတွင်း အရည်အသွေး စစ်ဆေးမှု လုပ်ငန်းစဉ်နှင့် ကျောင်းပြင်ပ အရည်အသွေးစစ်ဆေးမှု လုပ်ငန်းစဉ်ဟူ၍ လုပ်ငန်းစဉ်နှစ်ရပ် ပါဝင်ရမည်။ အရည်အသွေးခိုင်မာမှုအတွက် ကော်မရှင်က သတ်မှတ်သော စံချိန်စံညွှန်း၊ နည်းလမ်းများ နှင့်အညီ ဖြစ်စေရမည်။

၅၇။ အစိုးရအဖွဲ့ နှင့် ကော်မရှင်သည် ပုဒ်မ ၅၆ ပါ လုပ်ငန်းများ ကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်း နှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မရှင်ကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅၈(က)(ခ)၊ အပိုဒ် ၅၉(ခ)(ဂ)(ဃ)၊ အပိုဒ် ၆၀(ဂ)(စ)၊ အပိုဒ် ၆၃

၅၈။ (က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် မိမိတို့ဖွင့်လှစ်ထားသော အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ အခြားသက်ဆိုင်ရာ ဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ် တစ်ခုလုံး၏ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကိုဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၅၉။ (ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

(ဂ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်များ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ် ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ ပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည် ဟု ဖြည့်စွက်ထားပါတယ်။

၆၀။ (ဂ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင် ဖွင့်လှစ်မှုများကိုအကူအညီပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီဖြစ်စေရန်အတွက် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက် နိုင်ရန် စီမံခြင်း၊

၆၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတ ကျောင်းများ၊ အထူး ပညာရေးအစီအစဉ် ကျောင်းများနှင့် ရွှေ့လျားနှင့်အရေးပေါ် ကျောင်းများ ရပ်ရွာပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြု ပညာရေးအစီအစဉ်များနှင့် ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင်

လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်း ရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေး အထောက်အကူများ ပံ့ပိုးပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၈(က)(ခ)၊ အပိုဒ် ၅၉(ခ)(ဂ)(ဃ)၊ အပိုဒ် ၆၀(ဂ)(စ)၊ အပိုဒ် ၆၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၈(က)(ခ)၊ အပိုဒ် ၅၉(ခ)(ဂ)(ဃ)၊ အပိုဒ် ၆၀(ဂ)(စ)၊ အပိုဒ် ၆၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆၅(က)၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇

၆၅။ သက်ဆိုင်ရာ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်း သည် -

(က) ပုဒ်မ ၆၄ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှု အတွက် ထိရောက်စွာသုံးစွဲရမည်။

၆၆။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သောဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ထောက်ပံ့ကူညီပေးရမည်။

၆၇။ ကော်မရှင်က ဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များသည် ၎င်းတို့၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၅(က)၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၅(က)၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊ အခန်းခေါင်းစဉ်

အခန်း (၁၃)

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အခန်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အခန်း ခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၄)၊ အခန်းခေါင်းစဉ်

အပိုဒ် ၇၀၊ အပိုဒ် ၇၁(ခ)

အခန်း(၁၄)

အထွေထွေ

၇၀။ ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ကျောင်းပညာရေး အစီအစဉ်နှင့်အညီ အခြေခံပညာ သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်အတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက် သင်ခန်းစာများကို ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပြည်တွင်းမှ ဘာသာရေးအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကြားသောကျောင်းများသည် ဤဥပဒေနှင့် အကျုံးဝင်သည်။

၇၁။ (ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့်အဖွဲ့များ၊ ဝန်ကြီးဌာန နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်

အပိုဒ် ၂၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆၊ အပိုဒ် ၃၈၊ အပိုဒ် ၄၆(ဂ)၊ အပိုဒ် ၅၄ ခေါင်းစဉ်ငယ်၊ အပိုဒ် ၅၅၊ အပိုဒ် ၆၇(ဂ)၊ အပိုဒ် ၆၈(ခ) တို့ကို ပယ်ဖျက် ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ထားသည့်-

အခန်း(၁)၊ အပိုဒ် ၁ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၂ (က)(ခ)(ဃ)(င)(စ)(ဠ)(ထ)(ဓ)(ပ)(ယ)(လ)(ဝ)(ကက)(စစ)

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(စ)(ဆ)

အခန်း(၃)၊ အပိုဒ် ၄(ဃ)(င)(စ)(ဆ)(ဇ)(ွ)(ဍ)၊

အခန်း(၄) အပိုဒ် ၆(ဇ)၊

အခန်း(၅)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၇(က)၊ အပိုဒ် ၂၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၂၆၊ အပိုဒ်၂၇၊အပိုဒ် ၂၈၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅(က)(ခ)(ဂ)(ဃ) အပိုဒ် ၃၆(က)မှ(ဈ) အထိ

အခန်း (၆)၊ အပိုဒ် ၄၀(က)

အခန်း(၇)၊ အပိုဒ် ၄၁(က)(ခ)(င)(စ)(ဇ)၊ အပိုဒ် ၄၄(က)၊ အပိုဒ် ၄၅၊ အခန်း(၈)၊ အပိုဒ် ၄၇၊ အပိုဒ် ၅၁(က)(ဂ)(ဃ)(စ)(ဆ)

အခန်း(၉)၊ အပိုဒ် ၅၂(က)(ခ)(ဂ)၊

အခန်း(၁၁)၊ အပိုဒ် ၅၉(က)၊ အပိုဒ် ၆၀(က)(ခ)(ဃ)(င)(ဆ)၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊

အခန်း(၁၂)၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅(ခ)(ဂ)၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊

အခန်း(၁၄)၊ အပိုဒ် ၇၁(က) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုထားရှိချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၂း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]